သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၄)

ဒွေးတွေစို့ရှဲနေသော်လည်း မပေါနိုင်ပါ

ဦးဇော်

နိုင်ငံတော်အကြီးအကဲ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ တနင်္သာရီတိုင်းခရီးစဉ်မှာ ၂၅-၂-၂၀၀၄ ရက်တွင် နိုင်ငံတော်၏တောင်ဘက်စွန်း ကော့သောင်းမြို့မှ စတင်ခဲ့ပြီး ခမောက်ကြီး၊ ကျောက်ထနောင်း၊ ကရသူရိ၊ ဘုတ်ပြင်း၊ ပြည်ကြီးမဏ္ဍိုင်၊ တနင်္သာရီ၊ မြိတ်၊ ကျွန်းစု၊ ပုလော၊ ပလောက်၊ ထားဝယ်၊ မောင်းမကန်နှင့် ဟိန်းဇဒေသတွေကို ၁-၃-၂၀၀၄ ရက်အထိ ခြောက်ညအိပ်ကြာခဲ့သည့် ခရီးစဉ်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မျိုးချစ်တပ်မတော်သားတွေပီပီ ပြည်သူ့အကျိုးစီးပွားကိုသယ်ပိုးကြ

တပ်မတော်ဟာ နိုင်ငံတော်ကြီးရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေ မြင့်မားဖို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေရချိန်ဖြစ်တယ်။ ဒီ့ရဲ့စေတနာမှန်နဲ့ အားထုတ်လုပ်ကိုင်မှုတွေဟာလဲ အပြောမဟုတ် အလုပ်နဲ့သက်သေပြလျက်ရှိတယ်၊ ဒါကြောင့်ရဲဘော်တို့ဟာ နိုင်ငံ့တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရတဲ့ အခိုက်မှာ မျိုးချစ်တပ်မတော်သားတွေပီပီ ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၇)နှစ်မြောက်တပ်မတော်နေ့မိန့်ခွန်းမှ-

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့တွင် တည်ဆောက်ထားသော အရှည်ပေ ၆၈၀ရှိ လေညာ-မဏ္ဍိုင်တံတားကို ကြည့်ရှုကြစဉ်။
(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၁၂ ရက်)

နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ရှေ့က မားမားမတ်မတ်ရပ်တည်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွား အစဉ်သယ်ပိုးထမ်းဆောင်

လူသားတို့၏ သမိုင်းကိုလေ့လာကြည့်လျှင် ကိုယ့်မိသားစု ကိုယ်ကာကွယ်ရသည့်သဘာဝနှင့် ကိုယ့်အသိုင်းအဝိုင်း ကိုယ်စုပေါင်းကာကွယ်ရန် လိုအပ်ချက်များကြောင့် ကာကွယ်ရေးတာဝန်အတွက် စုဖွဲ့မှုများ ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့်လည်း သမိုင်းဦးကာလမှစ၍ ယနေ့ထက်တိုင် လူမျိုးတိုင်း၊ နိုင်ငံတိုင်းတွင် တပ်မတော်ဆိုသည်မှာ မရှိမဖြစ် လိုအပ်ခဲ့သည်။

မျက်မှောက်ခေတ် ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များကို ကြည့်လျှင်လည်း စစ်အင်အားသုံးပြီး ပြဿနာဖြေရှင်းမှုများသည် ရှိနေဆဲပင်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ မိမိကာကွယ်နိုင်ရန် ကြိုးပမ်းနေကြရသည်။

မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲ ကာလတွင် စတင်ပေါ်ပေါက်လာခဲ့သည်။ သမိုင်း၏လိုအပ်ချက်အရ ပြည်သူကြားက ပေါက်ဖွားလာသော မျိုးချစ်တပ်မတော်ဖြစ်သည်။ အမျိုးသားနိုင်ငံရေးရည်မှန်းချက်ဖြင့် နိုင်ငံတော်၏လိုအပ်ချက်အရ တပ်မတော်ကို ကြိုးပမ်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်တွင် ဒေါင်ဒေါင်မြည် အမျိုးသားနိုင်ငံရေးသမားများ၊ လူငယ်လူရွယ်အမြောက်အမြား ပါဝင်ခဲ့သည်။ နိုင်ငံနှင့်လူမျိုးအတွက် အသက်ကိုစွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ အမျိုးသားရေးကို အသက်နှင့်လဲ၍ အစဉ် ကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အတွက် မျိုးချစ်တပ်မတော်ဟူသည့် အစဉ်အလာကောင်းကို ရရှိခဲ့ခြင်း ဖြစ်သည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့တပ်မတော် ဖြစ်သည်နှင့်အညီ နိုင်ငံတော်တွင် အရေးကြုံလာတိုင်း ပြည်သူများ၏ရှေ့က မားမားမတ်မတ်ရပ်တည် ကာကွယ်ခဲ့သည်။ ၁၉၄၈ ခုနှစ် ပြည်တွင်းသောင်းကျန်းမှု အဆိုးဆုံးကာလတွင် တစ်ကြိမ်၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်း ကာလတွင်တစ်ကြိမ်၊ ၁၉၆၂ခုနှစ် တိုင်းပြည်ပြိုကွဲတော့မည့် ကာလတွင်တစ်ကြိမ်၊ ၁၉၈၈ခုနှစ် အရေးအခင်းကာလတွင်တစ်ကြိမ် တပ်မတော်ကိုဖြိုခွဲရန်၊ တိုင်းပြည်ပြိုကွဲစေရန် ကြံစည်မှုများ ပေါ်ပေါက်ခဲ့ပြီး ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးတော့မည့် အခြေအနေကို တပ်မတော်က ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံခဲ့သည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏အကျိုးကို အစဉ်သယ်ပိုးခဲ့သည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက် လျက်ရှိသည်။

တပ်မတော်သားတို့သည် အဓိကတာဝန်ကြီး သုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တို့ကို ထမ်းဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တပ်မတော်အစိုးရသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပြည်သူ့စွမ်းအား၊ နိုင်ငံတော်အစိုးရစွမ်းအားနှင့် တပ်မတော်၏စွမ်းအားဟူသည့် စွမ်းအားသုံးရပ် ညီညွတ်စွာပေါင်းစည်းဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုအခြေခံကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည်။ တပ်မတော်သည် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတာဝန်အပြင် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်နိုင်ရန် စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေးတာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသည်။

အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်ဖြစ်ရန် တပ်မတော်သည် မျိုးချစ် တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စား တတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကိုပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မားခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ဓွဲ၊ လုံ့လ၊ ဝီရိယရှိခြင်း၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ခြင်း ဟူသည့် အစဉ်အလာကောင်း ၁၂ ရပ်နှင့်အညီ ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် ရှေ့ကမားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သည့် တပ်မတော်သည် မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကာကွယ် စောင့်ရှောက်ရင်း နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားကို အစဉ်ထာဝရ သယ်ပိုးထမ်းဆောင်သွားမည်ဟု ယုံကြည်ပါသည်။ ။

ဖေဖော်ဝါရီ ၂၂ ရက်က မင်္ဂလာဒုံမြို့နယ် အခြေခံပညာ အလယ် တန်းကျောင်း အမှတ်(၅) တွင် သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲကျင်းပရာ စတုတ္ထတန်း ကျောင်းသား မောင်မိုးစက်ကျော်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်နိုင်က မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာနယ်ဇင်းမျိုးစုံလှူဒါန်း

ရန်ကုန် မတ် ၁၁

စာရေးသက် နှစ်(၄၀)ပြည့် အထိမ်းအမှတ်အနေဖြင့် စာရေးဆရာ ရန်ကုန်ကျော်ဟင်း(ခ)တော်စောဟင်းက ၎င်းစုဆောင်းထားသော စာနယ်ဇင်းမျိုးစုံ စောင်ရေ ၅၀၀ ကို မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် တဲစုကျေးရွာရှိ လောကရှေ့ဆောင် စာကြည့်တိုက် နာယက ဆရာတော်နှင့် တောင်ပုလုကျောင်းတိုက်(ရန်ကုန်) တိုက်အုပ်ဆရာတော် ဦးသောဘနထံ ယမန်နေ့ မွန်းလွဲ ၁ နာရီက နာရီတစ်လုံးနှင့်အတူ ပေးအပ်လှူဒါန်း ရာ ဆရာတော်က သာဓုအနုမောဒနာ ချီးမြှင့်တော်မူကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က) ဗိုလ်မှူးကြီးယုလွင်အောင် ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး အလုပ်သမားဝန်ကြီးဌာန
(ခ) ဒေါက်တာထွန်းနိုင်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ကျန်းမာရေးဝန်ကြီးဌာန

(သတင်းစဉ်)

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယဖြစ်သော သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ B.Sc°°(Phy)သည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် သရက်ငူမိုးကုတ် ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် ၃၃၅ ၏ နှစ်စဉ်ကျင်းပသော ခုနစ်ရက် တရားစခန်းပွဲကို တန်ခူးလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၄ ရက် ဧပြီ ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သာကေတမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်က ၃/ ရန်ပြေရပ်ကွက် မင်းနန္ဒာလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၃၀၂)

ဖေဖော်ဝါရီ ၂၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၅)ရပ်ကွက် မွှောရုံတွင်နိုင်ငံသား အရည်အချင်း ပြည့်မီသူများအားနိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ခိုင်ဆွေက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

● ရှေ့ဖုံးဆောင်းပါးအညွှန်းမှ

ခရီးစဉ်ကာလသည် ဆောင်းအကုန် နွေကိုကူးသည့် တပေါင်းလဖြစ်သော်လည်း တနင်္သာရီ၏နွေဦးသည် နေ့ခင်း၌ပူအိုက်လှသည်ဟုဆိုရပါမည်။ ခရီးတစ်ထောက်နား၍ ရဟတ်ယာဉ်ပေါ်တက်သည့်အခါတိုင်း လေယာဉ်ပေါ်ရှိ အပူအအေးတိုင်းသည့်ပြဒါးတိုင်ကိုကြည့်လိုက်သည့်အခါ Celsius ၄၅ဒီဂရီအထိ မြင့်တက်နေသည်။ ရဟတ်ယာဉ်သည် နေအပူရှိန်ကြောင့် ချစ်ချစ်တောက်ပူနေပြီး အမြင့်ရောက်တော့မှသာ တဖြည်းဖြည်း အပူရှိန်လျော့ကျသွားသည်။ ဤအပူရှိန်နှုန်းဖြင့် တစ်နေ့အဆင်းအတက် သုံးကြိမ်၊ လေးကြိမ် နှုန်းမျှဖြင့် ခရီးကြမ်းနှင်ရသည့်အခြေအနေသည် အသက်အရွယ်ရလာပြီဖြစ်သည့် နိုင်ငံတော်အကြီးအကဲအတွက် သက်သာလှသည်မဟုတ်ပါ။ ချွေးတွေစို့ရုံသာမက ရှပ်အင်္ကျီသည်ပင် ချွေးတွေစိုရွှဲလာသည်မှာ အကြိမ်ကြိမ်ဖြစ်သည်။ သို့ရာတွင် မမောနိုင်ပါ။ အပင်ပန်းခံ၍သွားလာသလို စူးစမ်းမေးမြန်းမှုနှင့် ရှင်းလင်းမှာကြားလမ်းညွှန်မှုများကို မမောမပန်းစိတ်ဝင်တစားလုပ်ဆောင်သည်။ တိုင်းပြည်အတွက် ပြည်သူတွေအတွက်၊ တပ်မတော်အတွက် ဘဝကို ရင်းနှီးမြှုပ်နှံပြီးဖြစ်၍ အလုပ် အကြောင်းစဉ်းစားပြီး ကဏ္ဍစုံကို လက်လှမ်းမီသရွေ့ အချိန်လုဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တနင်္သာရီတိုင်းသည် လူဦးရေ ၁၄ သိန်းကျော်ခန့်ရှိပြီး မြေသယံဇာတ၊ ရေသယံဇာတပေါများပြီး ရေလုပ်ငန်းကလည်း ပင်လယ်ပြင်သယံဇာတများဖြင့်ပင် အခြေခိုင်မာသည်။ သတ္တုသိုက်များရှိသကဲ့သို့ သစ်တောသယံဇာတလည်းရှိသည်။ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့အတွက် ရေ၊ မြေ၊ ရာသီဥတုက အဆင်သင့်အခြေအနေပေးနေသည်။ စိုက်ပျိုးမြေများအနက် လပ်ထားသည့်မြေနှင့် လယ်ကောတွေကလည်း ဧက နှစ်သောင်းကျော်၊ သုံးသောင်းခန့်ရှိသည်။ အပင်ပန်းခံ၍ စပါးစိုက်ပျိုးမည့်သူမရှိ။

သယံဇာတပေါများသလောက် လူဦးရေကနည်းနေသည့်အပြင် သားငါးကဏ္ဍ၊ မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းတို့က ဆူလွယ်နပ်လွယ်သော စီးပွားရေးလုပ်ငန်းများအဖြစ်ရပ်တည်ခဲ့သည်။ တစ်ဖက်နိုင်ငံသို့လည်း အလုပ်ကြမ်းသွားရောက်လုပ်ကိုင်နေမှုများရှိရာ စိုက်ပျိုးရေးကဏ္ဍမှာ ပိုမိုအားနည်းခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လွန်ခဲ့သော ငါးနှစ်ခန့်ကပင် တနင်္သာရီတိုင်းသည် သယံဇာတ အခြေခံပြည့်စုံသော တိုင်းနယ်မြေဖြစ်သည့်အတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်မည်ဆိုပါက အချမ်းသာဆုံး၊ ဝင်ငွေအကောင်းဆုံးတိုင်း ဖြစ်လာနိုင်သည်ဟု ညွှန်ပြခဲ့ပြီး ဒေသဆန်ဖူလုံရေးကို တွန်းအားပေးခဲ့သည်။ နိုင်ငံတော် စားသုံးဆီဖူလုံရေး လုပ်ငန်းအတွက် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ချမှတ်ပေးခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီအုန်းဧက ထောင်သောင်းချီ၍ စတင်စိုက်ပျိုးစေခဲ့သည်။ နိုင်ငံတော်အပိုင်းက တာဝန်ယူလုပ်ဆောင်ရမည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ဖောက်ချအကောင်အထည်ဖော်စေခဲ့သည်။

ထို့ကြောင့်လည်း မိုးစပါး၊ နွေ စပါး၊ စပါးစိုက်ဧက တိုးချဲ့စိုက်လာပြီး ယခုနှစ်တွင် ၈၅ ရာခိုင်နှုန်းခန့်အထိ ဒေသဆန်ဖူလုံလာသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၆၈ ရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းစသည်ဖြင့်တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာနေသည်။ ယခု ခရီးစဉ်၌လည်း ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေးကို ဦးစားပေးတွန်းအားပေးပြီး စပါးစိုက်ဧက တိုးချဲ့စိုက်ရာ၌ လပ်မြေများကို အပြည့်အဝအသုံးပြုရန်၊ မြေပြန့်၊ ကုန်းပြန့်မရှိသည့် နယ်မြေများ၌ ကုန်းမြင့်လယ်ယာစနစ်၊ ချိုင့်ဝှမ်းစိုက်ပျိုးစနစ်တို့ဖြင့် အားဖြည့်ပြီး စပါးတိုးချဲ့စိုက်ရန် မှာကြားခဲ့သည်။ အထွက်နှုန်းမှာလည်း ၅၇တင်းခန့်ပဲ ရှိ၍ အထွက်ကောင်း စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် ထပ်မံတာဝန်ပေးခဲ့သည်။ ခြုံလိုက်လျှင် ကော့သောင်းခရိုင်၊ မြိတ်ခရိုင်၊ ထားဝယ်ခရိုင် ခရိုင်သုံးခုရှိရာ ခရိုင်လုံးကျွတ် ဆန်စပါးဖူလုံမှု မရရှိနိုင်သေးဘဲ ထားဝယ်ခရိုင်က ၉၁ ရာခိုင်နှုန်း၊ မြိတ်ခရိုင်က ၈၃ ရာခိုင်နှုန်း၊ ကော့သောင်းခရိုင်က ၇၂ ရာခိုင်နှုန်းသာ ဖူလုံသည်။ ကော့သောင်းခရိုင်မှာ အားအနည်းဆုံးဖြစ်သည်။

ထို့ကြောင့် **"မြေသယံဇာတ၊ ရေသယံဇာတ ပြည့်စုံသည့်အပြင် နွေ၊ မိုး၊ ဆောင်းရာသီ သုံးရာသီဖြစ်တည်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရာသီဥတု အခြေအနေကောင်းရှိသည့် ဒေသဖြစ်၍ စားဝတ်နေရေးအတွက် အခြားဒေသတွေအပေါ် မှီခိုအားထားနေရသော အစဉ်အလာဟောင်းကို ကျော်လွှားသင့်ပြီဖြစ်ကြောင်း"၊ "ဒေသဆန်ဖူလုံရေးစီမံချက်သည် စက္ကူပေါ်မှာသာ ရေးဆွဲထားသည့် စီမံကိန်းမျိုး မဖြစ်စေဘဲ လက်တွေ့ ရုပ်လုံးဖော်နိုင်သည့် စီမံချက်ဖြစ်ရန် အရေးကြီးကြောင်း"**

သတိပေးလမ်းညွှန်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဒေသဆန်ဖူလုံရေးကို မည်သို့မည်ပုံ လက်တွေ့ကျကျ အကောင်အထည်ဖော်သင့်ကြောင်း ညှိနှိုင်းအစည်းအဝေးကို ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကိုယ်တိုင်ဦးစီး၍ တွန်းအားပေးသည်။ တွက်ချက်ခိုင်းသည်။

တကယ်မလုပ်၍လည်း မဖြစ်တော့ပါ။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မွန်၊ ရခိုင်တို့သာ ဆန်ဖူလုံပိုလျှံသည့် ပြည်နယ်/တိုင်း ငါးခုသာရှိခဲ့ရာမှ နိုင်ငံတော်၏ ဦးဆောင်မှု၊ ဒေသခံများ၏ ကြိုးပမ်းမှုအစုစုတို့ကြောင့် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့သည် ဆန်ပိုလျှံလာသည်။ ကရင်၊ ကယား၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့သည် ဆန်ဖူလုံလာနေပြီဖြစ်သည်။ ရေခံမြေခံနှင့် ရာသီဥတုအခြေအနေကောင်းတို့ရှိနေသော တနင်္သာရီတိုင်းသည် အချိန်မီဆန်ဖူလုံလာအောင် အားထုတ်ရမည်။ ဖြစ်နိုင်လျှင် ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့ကဲ့သို့ ကုန်ထုတ်လုပ်မှု တန်ဖိုးပမာဏကြီးမားသော တိုင်းကြီးအဖြစ် တက်လှမ်းနိုင်ရပါမည်။ ဖြစ်လည်းဖြစ်နိုင်သောအခြေခံများ ရှိပြီးဖြစ်သည်။ ထိထိမိမိ အလုပ်လုပ်ဖော်ထုတ် အသုံးချနိုင်ရန်သာလိုသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက **"တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသများဖြစ်သည့် မြိတ်နှင့် ထားဝယ်တို့၌ လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း"**

"ကားလမ်းဆိုလျှင် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး ကော့သောင်းမြို့အထိ သွားနိုင်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးကို ဖောက်လုပ်ထားပြီး လိုအပ်သော မြစ်ကူး၊ ချောင်ကူးတံတား အားလုံးကိုလည်း တည်ဆောက်ပြီးဖြစ်ကြောင်း"၊ "ရေး-ထားဝယ်ရထားလမ်းဖြင့် မော်လမြိုင်မှ ထားဝယ်သို့ နေ့ချင်းပေါက်သွားလာနိုင်ပြီး ထပ်မံပြေပြစ်ချောမောအောင် ပြုပြင်နေမှုများပြီးစီးသွားပါက ယခုထက်အချိန်တိုတောင်းစွာ မြန်မြန်ဆန်ဆန် သွားနိုင်တော့မှာဖြစ်ကြောင်း"

"နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်တို့ကို တာဝန်ကျေကျေပွံ့ပိုးဖြည့်ဆည်းပြီးဖြစ်ရာ တနင်္သာရီအပိုင်းကလည်း ကုန်ထုတ်လုပ်မှုမြင့်မားလာအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအားထုတ်ရန်ဖြစ်ကြောင်း"

ရှင်းလင်းမှာကြားသည်။

လက်တွေ့လည်း နိုင်ငံတော်အပိုင်းက တနင်္သာရီတိုင်းတစ်ခုလုံး၌ လုံခြုံမှုနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီးလုပ်ဆောင်ပေးလျက်ရှိသည်။

ယခုဆိုလျှင် မိုင် ၄၅၀ ခန့်ရှည်သော ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းကားလမ်းသည် ပြည်သူအများ အသုံးပြုနိုင်သော လမ်းဖြစ်နေပြီဖြစ်သည်။ လမ်းတစ်လျှောက်၌ မြစ်ကူး၊ ချောင်းကူး တံတားကြီးများဖြစ်သည့် ဝင်းဝတံတား၊ ပုလောက်တံတား၊ ပလောတံတား၊ တနင်္သာရီတံတား၊ လေညာ-မဏ္ဍိုင်တံတား၊ ကျွဲကူး-ကျောက်ဖျာတံတား၊ ပသောင်းတံတားစသည့် တံတားခုနစ်စင်း တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ရေး-ထားဝယ် ရထားလမ်း၌ ရေးတံတားတည်ဆောက်ပြီးဖြစ်ရာ မော်လမြိုင်-ရေး-ထားဝယ် သွားရေးလာရေးလွယ်ကူသွားသည်။ ၁၇ နာရီကြာသွားရသော မော်လမြိုင်-ထားဝယ်ခရီးကို မကြာမီ ၁၅ နာရီ၊ နောက်မကြာမီ ၁၂ နာရီဖြင့် ခရီးပေါက်ရန် မလွတောင်အပိုင်း၌ အတက်အဆင်း၊ အကွေ့အကောက်တို့ကို စက်ယန္တရားများဖြင့် ပြေအောင်ဖြေနေပြီဖြစ်သည်။

ထို့ပြင် ကော့သောင်းလေယာဉ်ပြေးလမ်းနှင့် လေဆိပ်ကို ခေတ်မီအောင် တိုးချဲ့တည်ဆောက်ခဲ့သည်။ မြိတ်လေယာဉ်ပြေးလမ်းကိုလည်း တိုးချဲ့ပြင်ဆင်ထားသည်။ မကြာမီ၌လေယာဉ်ကွင်းသစ်တွေလည်း ထပ်မံပေါ်ထွက်လာနိုင်သည်။ လေကြောင်းအတွက်သာမက ရေကြောင်းအတွက်ပါ သင်္ဘောများလွယ်ကူစွာရပ်နားနိုင်သည့် ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်သည်။ ဘုတ်ပြင်းမြို့နှင့် မလှမ်းမကမ်း၌ ကမ်းရိုးတန်းသွား သင်္ဘောများအတွက် ဆိပ်ခံတံတားကိုလည်း တည်ဆောက်ပြီးဖြစ်သည်။

လွန်ခဲ့သော လေးနှစ်ကျော်၊ ငါးနှစ်ခန့်ကပင် နိုင်ငံတော်သည် ငွေကြေးအရင်းအနှီးရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား တနင်္သာရီတိုင်း၌ ဆီအုန်းစိုက်ပျိုးရန် လမ်းဖွင့်ပေးခဲ့သည်။ **တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးဖြစ်လာရမည်ဟု ရည်မှန်းချက်ထားရှိပြီး လိုအပ်သည်များ ကူညီပေးခဲ့သည်။** တိုင်းရင်းသားလုပ်ငန်းရှင် ၁၅ ဖွဲ့ကလည်း တက်တက်ကြွကြွ ဝင်ရောက်စိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။ သုံးနှစ်ကျော်သည့် ဆီအုန်းပင်များသည် ဆီအုန်းခိုင်များထွက်လာနေပြီဖြစ်ရာ ဆီအုန်းဆက်လက်စိုက်ပျိုးနေသလို ဆီကြိတ်စက်ရုံများကိုလည်း ထူထောင်နေကြရသည်။ တည်ဆောက်ပြီး စက်ရုံ ၁၂ ရုံ၊ တည်ဆောက်ဆဲ စက်ရုံသုံးရုံရှိသည်။ တောထဲ၊ တောင်ထဲ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးထားသော ငွေပမာဏမှာ များပြားလှသည်။ ဆီအုန်းတစ်ဧက ခန့်မှန်းခြေ ကျပ်သုံးသိန်းကျော်ဖြင့် အနိမ့်ဆုံးထားတွက်လျှင် ကျပ်သန်းပေါင်း ၂၄၀၀၀ ကျော်နေပြီဖြစ်သည်။ ကျပ်သန်းထောင်ချီ ရင်းနှီးခဲ့ပြီး နောက်ထပ်လည်း တိုးချဲ့ရင်းနှီးရဦးမှာဖြစ်သည်။

ရင်းနှီးမှု၊ ကြိုးစားအားထုတ်မှုတို့ရဲ့ ရလဒ်များအဖြစ် ကော့သောင်း-ဘုတ်ပြင်း-မြိတ် ကားလမ်းဝဲယာတစ်လျှောက် ဖြစ်ထွန်းနေသော ဆီအုန်းခြံများကို မျက်စိတစ်ဆုံး တစ်မျှော်တစ်ခေါ်တွေ့မြင်နေရသည်မှာ အားရဖွယ်ရာဖြစ်သည်။ ယုဇနဆီအုန်းကုမ္ပဏီဆိုလျှင် ဆီအုန်းဧက ၄၀၀၀၀ ကျော် စိုက်ပြီးဖြစ်သည်။ ဆီအုန်းခြံအတွင်း ကုန်ထုတ်လမ်းအဖြစ် မြေသားလမ်း မိုင် ၁၆၀ ကျော်၊ ကျောက်ခင်းလမ်း မိုင် ၆၀ ကျော် ဖောက်ထားပြီးလည်းဖြစ်သည်။ ၂၀၀၇ ခုနှစ်ဆိုလျှင် စုစုပေါင်းဧက တစ်သိန်းစိုက်ပြီးတော့မှာဖြစ်ရာ တွန်းတွန်းတိုက်တိုက်ဖြင့် တကယ်အလုပ်လုပ်နိုင်သော ကုမ္ပဏီဖြစ်သည်။

ဤကဲ့သို့ ကြိုးပမ်းအားထုတ်မှုများဖြင့် ဖြစ်ထွန်းနေသော ဆီအုန်းခြံများသည် နိုင်ငံတော်အကြီးအကဲကို အမောပြေစေသကဲ့သို့ တနင်္သာရီတိုင်း၏ စီးပွားရေးကိုလည်း တောင့်တင်းစေမှာဖြစ်သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်၌ စားအုန်းဆီလှိုင်လှိုင်ထုတ်နိုင်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် ဆီဖူလုံရေးကို အာမခံနိုင်သည့် ဆီအိုးဖြစ်တော့မှာ သေချာနေသည်။

တနင်္သာရီတိုင်း ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ထိုမှတစ်ဆင့် တိုင်းနယ်မြေတစ်ခုလုံး ဆန်စပါးဖူလုံအောင်၊ သားငါးနှင့် မီးဖိုဆောင်သီးနှံ ဖူလုံအောင် ကြိုးပမ်းကြရန် လိုအပ်သည်။ တနင်္သာရီတိုင်း၏ ရေမြေနှင့်ကိုက်ညီသော ရော်ဘာနှင့် ငရုတ်ကောင်းတို့ကိုလည်း စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးသွားကြရမှာဖြစ်သည်။ ယနေ့အထိ ရော်ဘာဧက တစ်သိန်းကျော်၊ ငရုတ်ကောင်း ဧက ၆၄၀၀ ကျော် စိုက်ပြီးဖြစ်၍ ဆက်လက် အားထည့်လိုက်မည်ဆိုပါက ရည်မှန်းချက်အတိုင်း ပြည့်မီမှာ သေချာလျက်ရှိသည်။

သားငါးကဏ္ဍအနေဖြင့်လည်း နိုင်ငံခြားငွေ ပိုမိုရှာဖွေနိုင်အောင် ကြိုးစားရမှာဖြစ်သကဲ့သို့ သတ္တုထုတ်လုပ်မှု ပြန်လည်ဦးမော့လာရေးကိုလည်း နည်းလမ်းရှာလုပ်ကိုင်ရမှာဖြစ်သည်။

ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်သော တနင်္သာရီတိုင်းကို မြန်မြန်ဖွံ့ဖြိုးတိုးတက်စေချင်သည့် ဆန္ဒကြောင့်သာ တွန်းတွန်းတိုက်တိုက် လုပ်နေရခြင်းဖြစ်သော်လည်း တနင်္သာရီတိုင်းသည် ယခင်ကနှင့်မတူ တိုးတက်ဖွံ့ဖြိုးလာနေသည်မှာ အမှန်ဖြစ်သည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၁၁ ဒသမ ဝရာခိုင်နှုန်း၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းတို့ဖြင့် စီးပွားရေးတိုးတက်ခဲ့ပြီး ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၉ ရာခိုင်နှုန်း ခန့်တိုးတက်မည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

တနင်္သာရီတိုင်း၏ စီးပွားရေးထုတ်လုပ်မှုတန်ဖိုးပမာဏအပေါ် လူတစ်ဦးချင်း၏ ပျမ်းမျှဝင်ငွေသည် ကျပ်၁၂၆၀၀၀ အထက်၌ရှိနေသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးခြုံ၍ တွက်ချက်ထားသော လူတစ်ဦးချင်းပျမ်းမျှ ဝင်ငွေထက် နှစ်စဉ်မြင့်မားလာလျက် ရှိသည်။ ခြုံလိုက်လျှင် စာရင်းဇယားများအရရော၊ ထင်သာမြင်သာသော ရုပ်ဝတ္ထုဖြစ်ပေါ်မှုများအရပါ တနင်္သာရီတိုင်းသည် တိုးတက်မှုလမ်းကြောင်းပေါ် ရောက်နေပြီဟု ဆိုရမှာဖြစ်သည်။

သို့ရာတွင် နိုင်ငံတော်အနေဖြင့် အားမရနိုင်ပါ။ ကြိုးစားလျှင်ကြိုးစားသလောက် တိုးတက်သွားမည့်၊ ချမ်းသာသွားမည့် တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့်အတွက် မမောနိုင် မပန်းနိုင်၊ အားမရနိုင်ဘဲ တွန်းအားပေးနေခြင်းဖြစ်သည်။

အမှန်တကယ်လည်း တနင်္သာရီတိုင်း၏ ကြွယ်ဝသော ရေ၊ မြေ၊ သစ်တောသဘာဝသယံဇာတများကို အပြည့်အဝဖော်ထုတ်ပြီး ထပ်ဆင့်တန်ဖိုးမြှင့် အသုံးချနိုင်မည်ဆိုပါက ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုရှိပြီး စီးပွားရေး အင်အားတောင့်တင်းခိုင်မာလာကာ နိုင်ငံတော်၏ စီးပွားရေးကို ထိရောက်စွာ အထောက်အကူပြုလာမှာ ဖြစ်သည်။ အသွင်သဏ္ဌာန်အရသာမက အနှစ်သာရအရပါ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်သွားမှာ သေချာနေသည်။ ။

တနင်္သာရီတိုင်း ကော့သောင်းမြို့ ဆီအုန်းစိုက်ခင်းများကို တစ်မျှော်တစ်ခေါ်တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



12-3 (3).p65 1 3/25/05, 10:28 PM

ဘာကူဘာမြို့ အရှေ့မြောက်ဘက်၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၀

ဘဂ္ဂဒက်မြို့၏ မြောက်ဘက်တွင် လမ်းဘေးဗုံးတစ်လုံးအင်္ဂါနေ့ကပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်အမျိုးသမီးပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြောက်ဘက် မိုင် ၄၀ ရှိ ဘာကူဘာမြို့၏ အရှေ့တောင်ဘက်တွင် စစ်ယာဉ်လေးစီးဖြင့် သွားစဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အီရတ်ပြောက်ကျားများတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ နေ့စဉ်သေကျေနေရလျက် ရှိသည်။

ယခုသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်နှင့်ဆိုလျှင် အမေရိကန်ဦးဆောင်သော စစ်ပွဲစတင်ခဲ့သည်မှ အီရတ်တွင် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့်တပ်ဖွဲ့ဝင် ဦးရေ ၃၈၀ ထိရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၁၀ရက်ညက ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့် အပေါင်းပါ ဌာနချုပ်အပြင်ဘက်တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ပင်တဂွန်စစ်ဆေးမှုကြောင့် ဟာလီဘာတန် ကုမ္ပဏီ ရှယ်ယာ တန်ဖိုးကျဆင်း

ဝါရှင်တန် မတ် ၁၀

အမေရိကန်စွမ်းအင်ဆိုင်ရာကုမ္ပဏီ တစ်ခုဖြစ်သည့် ဟာလီဘာတန်ကုမ္ပဏီ အား ပင်တဂွန်မှ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေသည့်အတွက် ကုမ္ပဏီ၏ ရှယ်ယာတန်ဖိုးများ ၃ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသို့ လောင်စာတင်သွင်းမှုတွင် ကျသင့်သည်ထက် ပိုမိုတင်ပြတောင်းခံမှုပြုသည်ဆိုကာ စစ်ဆေးနေခြင်းများကြောင့်ကုမ္ပဏီအနေဖြင့် ငွေကြေးအခက်အခဲတွေ့နိုင်ကြောင်း ဖော်ထုတ်ကြေညာခဲ့သည်။

အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က အီရတ်နိုင်ငံဆိုင်ရာ ကန်ထရိုက်များကို ကုမ္ပဏီကရရှိမှုနှင့်ပတ်သက်ပြီး တရားဝင်စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အီရတ်ရှိ တပ်ဖွဲ့ဝင်များသို့ လောင်စာဆီနှင့် ရိက္ခာဖြန့်ဝေမှုတို့အတွက် ကုမ္ပဏီသည်ပြင်းထန်စွာ ဝေဖန်ခံနေရကြောင်း သိရသည်။

(စီအင်န်အင်န်)

ဟက်ဘာနီယာမြို့ အနီး၌ ကန်တပ်ဖွဲ့ဝင်များပစ်ခတ် အီရတ်အရပ်သားတစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၁၀

ဘဂ္ဂဒက်လေဆိပ် အဝေးပြေးလမ်းမကြီးပေါ်တွင် ယမန်နေ့က ချုံခိုတိုက်ခိုက်ခြင်းခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

ပြောက်ကျားများက အဝေးပြေးလမ်းမကြီးပေါ်၌ အမေရိကန် ကင်းလှည့်တပ်ဖွဲ့ကို ဗုံးဖြင့်ပစ်ခတ်တိုက်ခိုက် သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး ချက်ချင်းသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။ အမေရိကန် အပေါင်းပါတပ်ဖွဲ့ရုံးချုပ်ကမူ ထိုဖြစ်ရပ်ကို အတည်ပြုပြောကြားခြင်း မပြုဘဲထားသည်။

သေဆုံး

ထိုအတောအတွင်း ဘဂ္ဂဒက်အနောက်ဘက်ကီလိုမီတာ ၄၀ ရှိ ဟက်ဘာနီယာမြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် အီရတ် အရပ်သားတစ်ဦး ယမန်နေ့ကသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ တာဝန်ယူထားသော စစ်ဆေးရေးစခန်းရှိရာသို့ ကားမောင်းလာသူ အသက် ၅၂ နှစ် ရှိ အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ထိုလူသည် ဖော်လူဂျာဆေးရုံသို့ ရောက်ရှိပြီး မကြာမီသေဆုံးသွားခဲ့သည်ဟုဆိုသည်။

ဖမ်းဆီး

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်နေသည့် စစ်သွေးကြွများကို အကူအညီပေးသည်ဆိုသော စွပ်စွဲချက်ဖြင့် တီကရစ်မြို့တွင် အီရတ်အရပ်ဘက် ကာကွယ်ရေးအဖွဲ့ဝင်များကို အမေရိကန်တပ်များက ယမန်နေ့ အရဏ်တက်၌ ဖမ်းဆီးသွားသည်။

(အင်တာနက်)

အီရတ်ကို စစ်ပွဲဆင်နွှဲသည့် အမေရိကန်၏အကြောင်းပြချက် လက်နက်များ အီရတ်၌မတွေ့၍မေးခွန်းများစွာပေါ်ထွက်လာ

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံအပေါ် ကျူးကျော်စစ်ဆင်နွှဲရခြင်းသည် အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များ ရှိနေသည့်အတွက်ကြောင့်ဟု အကြောင်းပြခဲ့သော်လည်း ယခုအချိန်အထိ အီရတ်နိုင်ငံ၌ အဆိုပါလက်နက်များ မတွေ့ရှိသည့်အတွက် မေးခွန်းမြောက်မြားစွာ ပေါ်ပေါက်လာသည်။ ယင်းသို့ အငြင်းပွားဖွယ်အကြောင်းရင်းသည် လက်ရှိအီရတ်အုပ်ချုပ်မှု ကောင်စီဝင် အာမတ်ချာလာဘီနှင့်လည်း ပတ်သက်ဆက်နွှယ်နေကြောင်း သိရသည်။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့ စီအိုင်အေနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အီရတ်ပြည်ပြေးများထံက ရရှိသော သတင်းများကို မယုံကြည်ကြသော်လည်း ဒုတိယသမ္မတ ဒစ်ချေနီနှင့် ဒုတိယကာကွယ်ရေးဝန်ကြီးတို့က ယုံကြည်ခဲ့ကြပြီး ကုလသမဂ္ဂသို့ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်တင်သွင်းသော စာရွက်စာတမ်းများ၌ ထည့်သွင်းဖော်ပြခဲ့သည်။ ထောက်လှမ်းရေးအရာရှိများကို ချာလာဘီက ဆက်သွယ်ပေးခဲ့သော ပြည်ပြေးများ၏ ပြောကြားချက်အပေါ် အခြေခံကာ အီရတ်လက်နက်များအကြောင်း ဖော်ပြခဲ့သည်ဟု ယခုအခါ ဝန်ခံလာကြပြီးဖြစ်သည်။

ချာလာဘီက ပြည်ပြေးများ၏ ပြောကြားချက်ကိုအာမခံကြောင်း အချက်အလက်မှန်ကန်မှုရှိ မရှိ စစ်ဆေးရမည့်တာဝန်မှာ အမေရိကန်ထောက်လှမ်းရေးအရာရှိများ၏ တာဝန်သာဖြစ်ကြောင်း ချေပပြောကြားခဲ့သည်။

သို့ရာတွင် ထိပ်တန်းထောက်လှမ်းရေး တာဝန်ရှိသူများက အဆိုပါ ပြည်ပြေးများကို ယခုလို ပြောဆိုရန် ချာလာဘီအုပ်စုက သင်ကြားပေးထားခြင်းဖြစ်ပြီး မမှန်ကန်ကြောင်း သိရှိသော်လည်း အမေရိကန်တို့ ကြားလိုသော အချက်များကို ပြောကြားစေခဲ့ခြင်းသာ ဖြစ်သည်ဟု သိရသည်။

(စီအင်န်အင်န်)

ရာသီဥတုဆိုး၍ အီရတ်ရေနံစိမ်းတင်ပို့မှု ဖေဖော်ဝါရီလ၌ လျာထားချက်ထက်လျော့နည်း

ဘဂ္ဂဒက် မတ် ၁၀

အီရတ်နိုင်ငံ၏ ဖေဖော်ဝါရီလအတွက် ရေနံစိမ်းတင်ပို့မှုသည် တစ်နေ့လျှင် ပျမ်းမျှစည် ၁ ဒသမ ၃၈၂ သန်းရှိခဲ့ရာ သတ်မှတ်လျာထားသော တစ်နေ့လျှင် ရေနံစိမ်းစည် ၁ ဒသမ ၇ သန်းအောက်လျော့နည်းခဲ့သည်ဟု ရေနံဝန်ကြီးဌာနအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

လျော့နည်း

ယင်းသို့ရေနံစိမ်းတင်ပို့မှု လျော့နည်းခဲ့ရခြင်းသည် ပါရှန်ပင်လယ်ကွေ့ရှိ ဘာဆာရာရေနံဆိပ်ကမ်းအနီး၌ ရာသီဥတုဆိုးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။ အဆိုပါဘာဆာရာ ရေနံဆိပ်ကမ်းသည် အီရတ်၏အဓိကရေနံတင်ပို့ရာ နေရာဖြစ်သည်။

စီစဉ်နေ

ထိုသို့ဆိုသော်လည်း မတ်လ၌ ရေနံစိမ်းတင်ပို့မှုကို တစ်နေ့လျှင် ရေနံစိမ်းစည် ၁ ဒသမ ၇ သန်းတင်ပို့ရရှိနိုင်ရန် ဝန်ကြီးဌာနက စီစဉ်လျက်ရှိကြောင်း ထိုအရာရှိက ပြောကြားသည်။

ထိုအတောအတွင်း အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ဝန်းကျင်ရှိ ရေနံတွင်းများမှ တူရကီနိုင်ငံ၏ မြေထဲပင်လယ်ရှိ စီဟန်ဆိပ်ကမ်းမြို့သို့ ရေနံစိမ်းများကို မတ် ၁ ရက်မှစပြီး ပိုက်လိုင်းဖြင့်ပို့ပေးခဲ့သည်။

(အင်တာနက်)

မတ် ၁၀ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ကော်ဖီများများသောက်ပါက ဆီးချိုကာကွယ်နိုင်

ချီကာဂို မတ် ၁၀

ကော်ဖီအသောက်အများဆုံးနိုင်ငံဖြစ်သည့် ဖင်လန်နိုင်ငံ၏ လေ့လာဆန်းစစ်ချက်အရ ကော်ဖီသောက်သုံးခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း အထောက်အထားများ ပိုမိုခိုင်မာစွာ တွေ့ရှိထားသည်ဟု လေ့လာသူ ပညာရှင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

တစ်နေ့ကော်ဖီသုံးလေးခွက်သောက်သည့် အမျိုးသမီးများသည် ဆီးချိုရောဂါဖြစ်ပွားမှုကို ၂၉ ရာခိုင်နှုန်းသို့ လျော့ကျစေခဲ့ကြောင်း၊ အမျိုးသားများအနေဖြင့် တစ်နေ့ ကော်ဖီသုံးလေးခွက်သောက်ခြင်းအားဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုမှ ၂၇ ရာခိုင်နှုန်းသို့ လျော့ကျနိုင်ကြောင်း အဆိုပါလေ့လာချက်များက ညွှန်းဆိုထားသည်။ ယင်းလေ့လာချက်ကို လူပေါင်း ၁၄၆၀၀တို့က ပါဝင်လေ့လာ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၁၀ ရက်က ဘဂ္ဂဒက်မြို့ရှိ ပါလက်စတိုင်း ဟိုတယ်အနီး သွပ်ဆူးကြိုးများချကာ လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်မြို့၌ ဒေသအုပ်ချုပ်ရေးကောင်စီရုံးအတွင်း လက်ပစ်ဗုံးပစ်သွင်းသဖြင့် ခုနစ်ဦးဒဏ်ရာရရှိ

မိုဆူးလ် မတ် ၁၀

ဒေသအုပ်ချုပ်ရေးကောင်စီ အဆောက်အအုံတစ်ခုအတွင်းသို့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းသဖြင့် လူခုနစ်ဦး အင်္ဂါနေ့က ဒဏ်ရာရခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့ လက်ပစ်ဗုံးပစ်သွင်းခြင်းသည် အစောပိုင်း၌ ထိုအဆောက်အအုံအတွင်း ရှိနေခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ရည်ရွယ်ပြီး ပစ်သွင်းခဲ့ဖွယ်ရှိသည်ဟု ရဲအဖွဲ့က ပြောကြားသည်။

သို့ရာတွင် ထိုအမေရိကန်တပ်ဖွဲ့ဝင်များသည် လက်ပစ်ဗုံးဖြင့် မပစ်မီ၌ အဆောက်အအုံအတွင်းမှ ထွက်သွားခဲ့ကြဖွယ်ရှိသည်ဟု ရဲအဖွဲ့က ပြောကြားသည်။

ယင်းဒေသအုပ်ချုပ်ရေးကောင်စီ အဆောက်အအုံအတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ၌ ရဲအဖွဲ့ဝင်သုံးဦးနှင့် အီရတ်လေးဦးအပါအဝင် လူခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်ရေးသမားတစ်ဦးကိုမျှ ဖမ်းဆီးမိခဲ့ခြင်းမရှိပေ။ တနင်္လာနေ့၌ ဒေသကောင်စီဝင်နှစ်ဦး ပါလာသော ကားတစ်စီးကို တိုက်ခိုက်ရေးသမားများက ပစ်ခတ်ခဲ့ရာတွင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရသည်ဟု ရဲက ပြောသည်။ ထို့ပြင် ခုခံတိုက်ရေးသမားများသည် တနင်္လာနေ့ညဘက်၌ ရဲစစ်ဆေးရေးစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ရာ၌လည်း ရဲအဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့ပြီး တိုက်ခိုက်သူသုံးဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

ခုခံတိုက်ခိုက်ရေးသမားများက ရဲဟန်ဆောင်ပြီးပစ်ခတ် ကားပေါ်ပါရှိသူ ကန်အရပ်သားများနှင့် စကားပြန်သေဆုံး

ဘဂ္ဂဒက် မတ် ၁၀

ဘဂ္ဂဒက်တောင်ဘက် ယာယီ စစ်ဆေးရေးစခန်း၌ ရဲဟန်ဆောင်ထားသော ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်ဦးဆောင်သည့် အပေါင်းပါအဖွဲ့၏ အလုပ်သမားများအားလုံးဖြစ်ကြသော အမေရိကန်အရပ်သားနှစ်ဦးနှင့် ၎င်းတို့၏စကားပြန် တစ်ဦးတို့ကို ဗုဒ္ဓဟူးနေ့က ပစ်သတ်လိုက်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

ထို့ပြင် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင်လည်း အားကစားရုံ အနီး၌ ခုခံတိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ဟာဝိုင်ယီအခြေစိုက် အမှတ် (၂၅) ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်များကို တနင်္လာနေ့က တိုက်ခိုက်ခဲ့ကြသော ခုခံတိုက်ခိုက်ရေးသမားများ လွတ်မြောက်သွားကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးကုသရန် ဘဂ္ဂဒက်သို့ လေကြောင်းမှ ပို့ဆောင်ပေးခဲ့ကြောင်း အမေရိကန်စစ်တပ် ပြောခွင့်ရှိသူ ဗိုလ်မှူးနီးလ်အိုဘရိုင်ယန်က တီကရစ်မြို့လယ်ရှိ အမေရိကန်အခြေစိုက်စခန်း၌ ပြောကြားသည်။

စစ်ဆေးရေးစခန်း၌ သေဆုံးမှုသည် ဘဂ္ဂဒက်တောင်ဘက် ၃၅မိုင်ရှိ ဟီလာမြို့ပြင်တွင် အင်္ဂါနေ့ညက ကားတစ်စီးကို ခုခံတိုက်ခိုက်ရေးသမားများက ရဲဟန်ဆောင်ပြီး ရပ်ခိုင်းကာ ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်ဟု ဗိုလန်ဗိုလ်မှူးကြီးက ပြောကြားသည်။ တိုက်ခိုက်ရေးသမားများသည်ကားပေါ်ပါသူများကို ပစ်ခတ်ပြီး ကားကိုယူဆောင်သွားခဲ့ကြသည်ဟု ၎င်းကပြောကြားသည်။

အီရတ်သို့မဟုတ် အပေါင်းပါတပ်များ၏ စစ်ဆေးရေးစခန်း အများအပြားသည် အီရတ်၏အဓိကလမ်းမကြီးများပေါ်၌ရှိကြပြီး ယခုကဲ့သို့ ခုခံတိုက်ခိုက်ရေးသမားများက ရဲဟန်ဆောင်ခြင်းသည် ပထမဆုံးဖြစ်သည်။ **(အင်တာနက်)**

ကန်နှင့်အပေါင်းပါတပ်ဖွဲ့ယာဉ် မြေမြှုပ်မိုင်းပေါက်ကွဲထိမှန် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိ

ကဘူးလ် မတ် ၁၀

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ဦးဆောင်ပြီး အကြမ်းဖက်မှုနှိမ်နင်းနေချိန်တွင် ပြီးခဲ့သော သီတင်းပတ်ကုန်အတွင်း နောက်ထပ် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦးသည် ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စနေနေ့ ညနေပိုင်းတွင် ဂါဇ်နီ အနောက်ဘက်၌ အပေါင်းပါတပ်ဖွဲ့၏ မော်တော်ယာဉ်တစ်စီးသည် မြေမြှုပ်မိုင်း ပေါက်ကွဲထိမှန်မှုကြောင့် ပျက်စီးကာ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်ဟု ဒုတိယဗိုလ်မှူးကြီး ဘရိုင်ယန်ဟီလ်ဖာတီက သတင်းစာဆရာများအား ကဘူးလ်၌ ပြောကြားသည်။ တပ်ဖွဲ့ဝင်များမှာ အမေရိကန်အမှတ်(၁၀) မောင်းတိန်းတပ်မမှ ဖြစ်သည်ဟု ဆိုသည်။

အပေါင်းပါတပ်များက မသင်္ကာသူ သုံးဦးကိုဖမ်းဆီးထိန်းသိမ်းကာစစ်ဆေးမေးမြန်းလျက်ရှိကြောင်း ဟီလ်ဖာတီက ပြောကြားသည်။

သတ်ဖြတ်

ပက်တီကာပြည်နယ်တွင် မသင်္ကာသူ ကိုးဦး သောကြာနေ့က သတ်ဖြတ်ခံခဲ့ရပြီး နောက်တစ်နေ့တွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ငြင်းဆို

ထိုသို့ဆိုသော်လည်း အမေရိကန်တပ်များကို အူရုဇ်ဂန်ပြည်နယ်၌ တနင်္ဂနွေနေ့က တိုက်ခိုက်သည်ဆိုခြင်းမှာ အခြေအမြစ်မရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ငြင်းဆိုခဲ့သည်။ လွန်ခဲ့သည့် နှစ်ရက်၌ အူရုဇ်ဂန်တွင် အမေရိကန်တပ်များ တိုက်ခိုက်ခံရခြင်း မရှိကြောင်း ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

အာရပ်ကမ္ဘာ၌ ပထမဆုံးရုပ်ရှင်ပွဲတော် ကျင်းပမည်

အဘူဒါဘီ မတ် ၁၀

အာရပ်ကမ္ဘာတွင် ပထမဆုံးဖြစ်မည့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)က အင်္ဂါနေ့တွင် ထုတ်ဖော်ကြေညာသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ဒူဘိုင်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဝမ်သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ရုပ်ရှင်ပြပွဲ ညွှန်ကြားရေးမှူး နေးလ်စတီဗင်ဆွန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားရာတွင် ပြပွဲ၌ ခေတ်ပေါ်နှင့် ထိပ်တန်းအကောင်းဆုံးရုပ်ရှင်ကား ၈၀ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုအစီအစဉ် ခုနစ်ခုအပြင် ယင်းရုပ်ရှင်ပွဲတော်တွင် ဓာတ်လမ်းတိုများ၊ ပညာရှင်ဆွေးနွေးခန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နျူကလီးယားတာဝန်ခံချက်များ အီရန်မချိုးဖောက် အီရန်နိုင်ငံခြားရေးဝန်ကြီး ခါရာဇီ ပြောဆို

တီဟီရန် မတ် ၁၀

အီရန်နိုင်ငံသည် နျူကလီးယားပြန့်ပွားမှုကာကွယ်ရေးအရ တာဝန်ခံချက်များကို မဖောက်ဖျက်ခဲ့ကြောင်းနှင့် ကုလသမဂ္ဂ အဏုမြူစောင့်ကြည့်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုတွင်လည်း ယခင်က တစ်စုံတစ်ရာ ချွတ်ယွင်းချက်မရှိခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

အဏုမြူဗုံးလုပ်ရာတွင် အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာနှင့် တိုးတက်သော နျူကလီးယားသုတေသနပြုချက်ကို အီရန်နိုင်ငံက ကြေညာခြင်းမရှိသည့်အတွက် နိုင်ငံတကာဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက်အယ်လ်ဘာရာဒီက အီရန်နိုင်ငံအား တနင်္လာနေ့၌ ပြစ်တင်ရှုတ်ချခဲ့သည်။

အီရန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကိုဆွေးနွေးရန် ဗီယင်နာတွင် အစည်းအဝေးပြုလုပ်သော အိုင်အေအီးအေအုပ်ချုပ်မှုအဖွဲ့သည် ဝါရှင်တန်က ပြောဆိုသည့်အတိုင်း နျူကလီးယားမပြန့်ပွားရေးစာချုပ်(အင်ပီတီ)ကို အီရန်နိုင်ငံချိုးဖောက်ကြောင်း ကောက်ချက်မချသင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီးကမာလ်ခါရာဇီက ပြောကြားသည်။

စစ်ဆေးသူများကို ထိန်ချန်ထားခဲ့သော နျူကလီးယားအစီအစဉ်အား ဖျက်သိမ်းရန် မကြာသေးမီက သဘောတူခဲ့သည့် လစ်ဗျားနိုင်ငံနှင့် အီရန်ကို နှိုင်းယှဉ်ရန် မှားယွင်းကြောင်း ခါရာဇီက ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

မတ် ၁၀ ရက်က ကာဘာလာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အပြစ်မဲ့အီရတ်ကလေးငယ်များသေကျေခဲ့ကြရ

အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကိုကျူးကျော်တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူများ သေကျေခဲ့ကြရသည်။ ယင်းအနက် မသိနားမလည်သော အပြစ်မဲ့ကလေးငယ်များလည်းပါဝင်သည်။ ထို့ပြင် အမေရိကန်နှင့် အပေါင်းပါတပ်များ၏ ကျူးကျော်စစ်ပွဲကြောင့် အီရတ်တပ်မတော်ပြိုကွဲကာ တပ်မတော်ကင်းမဲ့သည့် နိုင်ငံအဖြစ် ရောက်ရှိခဲ့ရသည်။ အင်အားကို အဆမတန်အလွန်အကျွံသုံးပြီး တိုက်ခိုက်မှုကြောင့် အီရတ်ကလေးငယ်တို့မှာ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းဆုံးရှုံးခဲ့ကြရသည်။ အချို့ကလေးငယ်များမှာ မိဘများသေဆုံးခဲ့ကြ၍ မိဘမဲ့များဘဝသို့ ရောက်ခဲ့ကြရသည်။

ဖေဖော်ဝါရီ ၁၈ ရက်က ဘဂ္ဂဒက် တောင်ဘက် ဟီလာမြို့၌ အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ ပစ်ခတ်၍ ဒဏ်ရာရရှိသွားသော အီရတ် ကလေးငယ် တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၉ ရက်က ဆာမာဝါမြို့ဆေးရုံ၌ အမေရိကန် စစ်ယာဉ်တန်းပေါ်မှ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်ကလေးတစ်ဦး ဆေးကုသမှု ခံယူနေရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆန္ဒပြ

ဖေဖော်ဝါရီ၁၅ ရက်က စပိန်နိုင်ငံ ဗလင်စီယာမြို့၌ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြောင့် အီရတ်ကလေးငယ်များ သေဆုံးနေရမှုကို ဆန့်ကျင်ကန့်ကွက် နေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖေဝါရီ ၁၉ ရက်က ဆာမာဝါမြို့ဆေးရုံ၌ အမေရိကန်တို့ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသော အီရတ်ကလေးငယ် တစ်ဦးကို ဆေးကုသရန် ခေါ်ဆောင်လာစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဒဏ်ရာရ ကလေးငယ်

ဖေဖော်ဝါရီ ၁၃ ရက်က ဘဂ္ဂဒက်တောင်ပိုင်း ဆေးရုံတစ်ရုံ၌ အီရတ်ကလေးငယ်တစ်ဦး အမေရိကန် တို့၏ ဗုံးဆံထိမှန်၍ ခြေထောက်တွင်ဒဏ်ရာရရှိသွားသောအီရတ်ကလေးငယ် တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ကျူးကျော်တိုက်ခိုက်မှု အပြစ်မဲ့အီရတ်ကလေးငယ်များသေဆုံးကြရ

အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ အီရတ်ကလေးငယ်များ သေဆုံးခဲ့ရသည်ကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

ရက်စွဲ	နေရာ	အကြောင်းအရာ	သေဆုံး အရေအတွက်
၂၆- ၃-၂၀၀၃	ရှုဘာ	လေကြောင်းဗုံးကြဲ	၂
၅- ၄-၂၀၀၃	ကာဘာလာ	စက်သေနတ်ထိမှန်	၁
၂၈- ၄-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁၅
၃- ၅-၂၀၀၃	ဘာဆာရာ	သေနတ်ထိမှန်	၁
၆- ၅-၂၀၀၃	တီကရစ်မြို့	ကားတိုက်	၁
၂၈- ၆-၂၀၀၃	ဘာဆာရာ	ကားတိုက်	၁
၂၂- ၇-၂၀၀၃	မိုဆူးလ်	သေနတ်ထိမှန်	၁
၁၂- ၉-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁
၁၆-၁၀-၂၀၀၃	တီကရစ်မြို့	လမ်းဘေးဗုံး	၁
၂၄-၁၀-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၂
၂၇-၁၀-၂၀၀၃	ဘဂ္ဂဒက်	ကားဗုံး	၁၅
၂-၁၁-၂၀၀၃	ဖော်လူဂျာအနီး	သေနတ်ထိမှန်	၁
၅-၁၁-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၁
၁၁-၁၁-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၅
၁၂-၁၁-၂၀၀၃	နာဆီရီယာ	ကားဗုံး	၁၃
၁၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	သေနတ်ထိမှန်	၃
၁၉-၁၁-၂၀၀၃	ရာမာဒီ	ကားဗုံး	၂
၂၆-၁၁-၂၀၀၃	မိုဆူးလ်	ကားဗုံး	၁
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	လမ်းဘေးဗုံး	၂
၁- ၂-၂၀၀၄	အာဘီလ်	ကားဗုံး	၉
၁၀- ၂-၂၀၀၄	အစ္စကန်ဒါရီယာ	ကားဗုံး	၅
၂- ၃-၂၀၀၄	ကာဘာလာ	ကားဗုံး	၁၀
		စုစုပေါင်း	၉၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

တိုင်းရင်းသားပြည်သူများအကျိုး သယ်ပိုးထမ်းဆောင်နေသော ပြည်သူ့တပ်မတော်

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၇
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် တောင်ကြီး–ရွှေညောင်ရထားလမ်းကို တပ်မတော်သားများ၏ လုပ်အားဖြင့် ဤသို့ ဖောက်လုပ်ခဲ့ကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်–ကျိုင်းတုံ–မိုင်းဖြတ် ကားလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်မှ တပ်မတော်သားများ။

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ် ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် အောင်ပန်း–လွိုင်ကော် ရထားလမ်းသစ်ကို တပ်မတော်သားများက ဤသို့ပါဝင်ဖောက်လုပ်ခဲ့ကြသည်။

တပ်မတော်သားများ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မီးရထားလမ်း	မော်တော်ကားလမ်း
၁။	တနင်္သာရီတိုင်း	ထားဝယ်–ရေဖြူ ရေး–ကလော့ကြီး ရေဖြူ–ကလော့ကြီး	တနင်္သာရီ–တောင်ဖရုလမ်း တောင်ဖရု–မဏ္ဍိုင်လမ်း လေညာ–ဘုတ်ပြင်းလမ်း
၂။	မကွေးတိုင်း	မကွေး–တောင်တွင်းကြီး ဂန့်ဂေါ–ရေမျက်နီ နတ်ချောင်း–ဂန့်ဂေါ ပခုက္ကူ–မင်းရွာ ပခုက္ကူ–မြို့စိုး–ဓနီပြား အောင်လံ–ဆတ်သွား	ပုသိမ်–မုံရွာ သရက်–မင်းတုန်း ပခုက္ကူ–ကျွန်းချောင်း–ဆိပ်ဖြူလမ်း
၃။	မန္တလေးတိုင်း	တံတားဦး–မြင်းခြံ မြို့ဟောင်း–မြစ်ငယ် ကျည်တောင်ကန်–ပျဉ်းမနား ပုဂံ–မြင်းခြံ ပုဂံ–ကျောက်ပန်းတောင်း ပျော်ဘွယ်–ရန်အောင်	ပုဂံညောင်ဦး–မြင်းခြံလမ်း ပုသိမ်ကြီး–ပြင်ဦးလွင်လမ်း
၄။	မွန်ပြည်နယ်	–	သိမ်ဆိပ်၊ ဝိရော–လေးကေလမ်း သံဖြူဇရပ်–ဘုရားသုံးဆူလမ်း
၅။	ရခိုင်ပြည်နယ်	–	ရန်ကုန်–စစ်တွေ

မကွေးတိုင်းအတွင်း သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တပ်မတော်သားများ၏ လုပ်အားဖြင့် မကွေး–တောင်တွင်းကြီး ရထားလမ်းကို ဤသို့ ဖောက်လုပ်ခဲ့ကြသည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

မြန်မာနိုင်ငံ၏အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်ဟူသော ကာလသုံးရပ်လုံး၏ သမိုင်းစဉ်တစ်လျှောက်လုံးတွင် တပ်မတော်သည် အမျိုးသားရေး အင်အားစုကြီးအဖြစ် ကျစ်လျစ်သိပ်သည်းစွာ ရပ်တည်ခဲ့သည်။ ရပ်တည်နေဆဲလည်းဖြစ်သည်။ ရပ်တည်နေရဦးမည်လည်းဖြစ်သည်။

မြန်မာနိုင်ငံ၏သမိုင်းစဉ်တရားအရ၊ ပထမ မြန်မာနိုင်ငံတော် (ပုဂံခေတ်)၊ ဒုတိယမြန်မာနိုင်ငံတော် (တောင်ငူခေတ်)၊ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်)တို့တွင် တပ်မတော်သည် ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထူထောင်ပြီး မြန်မာတိုင်းရင်းသား ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခဲ့သည်။ ကာကွယ်စောင့်ရှောက်ခဲ့သည်။

ထို့ကြောင့်ပင် တပ်မတော်၏လက်ဆင့်ကမ်း အမွေဖြစ်သော ပြည်ပကျူးကျော်မှုကို တွန်းလှန်ချေမှုန်းခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်ရေးရှုဆောင်ရွက်ခြင်း၊ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အမြဲတစေ အခါမလပ်စောင့်ကြပ်ကာကွယ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင်ဆောင်ရွက်ခြင်း၊ နိုင်ငံပြိုကွဲမည့် အန္တရာယ်ကို ဖယ်ရှားကာကွယ်ခြင်းစသော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်တို့သည် သမိုင်းအစဉ်အလာဖြင့် ရှန်းဖိတ်လင်းလက်ခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းတစ်ပါးနယ်ချဲ့တို့က လာရောက်ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့်ဖြစ်စဉ်များ ရှိခဲ့ဖူးပြီး ယင်းကာလများတွင်လည်း မြန်မာတိုင်းရင်းသား ပြည်သူတို့သည် သူ့ကျွန်မခံလိုသော အမျိုးသားရေးဇာတိမာန်ဖြင့် အမျိုးသားကာကွယ်ရေးအဖွဲ့အစည်းများအဖြစ် စည်းရုံးလှုပ်ရှားလျက် တွန်းလှန်တိုက်ခိုက်၍ လွတ်လပ်သော နိုင်ငံသားဘဝကိုပြန်လည်ရယူနိုင်ခဲ့ကြသည်ပင်ဖြစ်သည်။ ယင်းဖြစ်စဉ်များမှ သင်ခန်းစာရယူနိုင်သည်မှာ **တပ်မတော်အင်အား မတောင့်တင်းမခိုင်မာခဲ့လျှင် (သို့မဟုတ်) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မရှိခဲ့လျှင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွန့်လွှတ်ဆုံးပါး နိုင်သကဲ့သို့ တပ်မတော်အင်အား တောင့်တင်းခိုင်မာ၍ အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်နိုင်သည်နှင့်အမျှ မြန်မာနိုင်ငံသည် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံကြီးအဖြစ် အနောက်နိုင်ငံသားတို့၏ သမိုင်းမှတ်တမ်းများတွင် ခံ့ထည်စွာ ကမ္ပည်းတင်ခြင်းခံခဲ့ရသည်ကို လေ့လာသိရှိရသည်။**

မြန်မာ့သမိုင်းဖြစ်ရပ်တွင် ဗြိတိသျှနယ်ချဲ့သည် မြန်မာနိုင်ငံအား ကျွန်သက်ရှည်စွာ ဖိနှိပ်ခြယ်လှယ်နိုင်ရန်တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြားစေနိုင်သော သွေးခွဲအုပ်ချုပ်မှုကို ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး အုပ်ချုပ်ကျွန်ပြုခဲ့သည်။ ယင်းအပြင်တိုင်းရင်းသားများအား ရာထူးဌာနန္တရပေး၍ ဖြားယောင်းသိမ်းသွင်းခြင်း၊ တိုင်းရင်းသားလူမျိုး အချင်းချင်း ရန်တိုက်ပေးခြင်း၊ သွေးခွဲခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ မြန်မာတိုင်းရင်းသားများသည် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အမျိုးသားနိုင်ငံရေးအဖွဲ့အစည်းများဖြစ်သော ဝိုင်အမ်ဘီအေအသင်း၊ ဂျီစီဘီအေအသင်း၊ တို့ဗမာအစည်းအရုံးဟူ၍ အဆင့်ဆင့်ဖွဲ့စည်းဖြစ်ပေါ်လာသကဲ့သို့ ဆရာစံ လယ်သမားအရေးတော်ပုံ၊ ၁၃၀၀ပြည့် ရေနံမြေ အရေးတော်ပုံနှင့် ကိုလိုနီ ကျွန်ပညာရေး ဆန့်ကျင်မှု တိုက်ပွဲများ ဖြစ်ပေါ်လာခဲ့သည်။ အမျိုးသား ကောလိပ်နှင့် အမျိုးသား ကျောင်းများ နိုင်ငံအနှံ့ဖွင့်လှစ်ပြီး ကိုလိုနီ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ခဲ့ကြသည်။ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူတို့၏ နယ်ချဲ့ ဆန့်ကျင်ရေးသည် နိုင်ငံရေး၊ စည်းရုံးရေး တိုက်ပွဲမှတစ်ဆင့် လက်နက်ကိုင် တိုက်ပွဲသို့ ကူးပြောင်းရန် ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်း၌ စစ်ပညာ များကို သွားရောက် သင်ကြားခဲ့ကြသည်။ ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲအတွက် ပြည်တွင်း၊ ပြည်ပဆက်စပ်စည်းရုံး လှုပ်ရှား ပြင်ဆင်ခဲ့ကြသည်။

ဤသို့အားဖြင့် ရဲဘော်သုံးကျိပ်တို့သည် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A)ကို ဖွဲ့စည်းခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံအတွင်းသို့ စစ်ကြောင်းများအလိုက် ချီတက်ပြီး ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့ရာ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၁ ခုနှစ်က ကျူးကျော်သူ နယ်ချဲ့တို့ကို တိုက်ထုတ်နိုင်ရေးအတွက် ဗမာ့ လွတ်လပ်ရေး တပ်မတော်သားများ မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ကြသည်။

ရဲဘော်သုံးကျိပ်ကိုအခြေခံပြီး ဘီအိုင်အေဟူ၍ တပ်မတော်ကို စတင်သန္ဓေတည်ဖွဲ့စည်းခဲ့ရာတွင် အင်အား ၁၅၀၀ မျှသာရှိခဲ့သော်လည်း လများမကြာမီ ဘီအိုင်အေတွင် တပ်မတော်သားအင်အား ၃၀၀၀၀ထိ တိုးပွားလာခဲ့သည်။ ထိုတိုးပွားလာသော တပ်မတော်သားများသည် ဘီအိုင်အေသို့ ကြေးစားအဖြစ် ဝင်ရောက်လာခဲ့ကြခြင်းမဟုတ်ချေ။ ဘီအိုင်အေချီတက်ရာလမ်းတစ်လျှောက်တွင် မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည်ဟူသော တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ ပြင်းပြကြီးမားလှသည့် တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများက ၎င်းတို့၏ဆန္ဒအရ ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဖက်ဆစ်တို့ တစ်စခန်းထလာကြသည်။ ဖက်ဆစ်တို့သည် ဘီအိုင်အေက ဖွဲ့စည်းထားသော မြို့ပြအုပ်ချုပ်ရေးအဖွဲ့များကို ဖျက်သိမ်းခြင်း၊ ဘီအိုင်အေ၏ စစ်ရေးဆိုင်ရာများတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ နောက်ဆုံး လွတ်လပ်ရေးအတုကို ကြေညာပြီး ဘီအိုင်အေအား ဖျက်သိမ်း၍ အင်အား ၃၀၀၀ မျှသာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော် (B.D.A)ကို ပြင်ဆင် ဖွဲ့စည်း စေခဲ့သည်။ အကြောင်းရင်းမှာ

ပြည်သူ့အတွက် မြန်မာ့တပ်...

ဘီအိုင်အေသည် လွတ်လပ်ရေးအတွက် ဖွဲ့စည်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမချင်း၊ ပြင်းထန်သော မျိုးချစ်စိတ်ဖြင့် မည်သည့်နိုင်ငံခြားတပ်နှင့် အစိုးရကိုမဆို အချိန်မရွေး တော်လှန်တိုက်ခိုက်လိမ့်မည်ဟု ဖက်ဆစ်တို့ယုံကြည်ထားသဖြင့် ဘီအိုင်အေ၏ အင်အားကို လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။ ဘီဒီအေဟူသော မြန်မာ့တပ်မတော်သည် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေးအတွက် ဖဆပလအဖွဲ့ကို ဖွဲ့စည်းနိုင်ရန် ပြည်သူ့အရေးတော်ပုံပါတီ (ဆိုရှယ်လစ်ပါတီ)၊ ဗမာပြည်ကွန်မြူနစ်ပါတီ အပါအဝင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော တိုင်းရင်းသားအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။

ယင်းမှတစ်ဆင့် ဘီဒီအေအား ဗမာ့တပ်မတော် ဟူ၍ ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းပြီး ဖက်ဆစ်တို့ကို တော်လှန်ရန် စစ်တိုင်းကြီးများအဖြစ် ပြည်–သာယာဝတီ–အင်းစိန်–ဟင်္သာတနယ်မြေအား တိုင်း(၁)ဟူ၍လည်းကောင်း၊ဟံသာဝတီ–ဖျာပုံ–မအူပင်နယ်မြေအား တိုင်း(၂)ဟူ၍လည်းကောင်း၊ ပုသိမ်–ဟင်္သာတ–မြောင်းမြနယ်မြေအား တိုင်း(၃)ဟူ၍လည်းကောင်း၊ ပဲခူး–ရွှေကျင်–သထုံဒေသအား တိုင်း(၄)ဟူ၍လည်းကောင်း၊ မော်လမြိုင်–ထားဝယ်–မြိတ်ဒေသအား တိုင်း(၅)ဟူ၍လည်းကောင်း၊ ပျဉ်းမနား–တောင်ငူ–ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသအား တိုင်း(၆)ဟူ၍ လည်းကောင်း၊ သရက်–အာလံ– မကွေး–မင်းဘူးဒေသအား တိုင်း(၇) ဟူ၍ လည်းကောင်း ဖွဲ့စည်းခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲတစ်လျှောက်လုံးတွင် ဘီအိုင်အေ၊ ဘီဒီအေ၊ ဗမာ့တပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သည်။

မြန်မာနိုင်ငံ၏ အမျိုးသား နိုင်ငံရေးသမိုင်းကြောင်းသည် အလှည့်အပြောင်းကာလ တစ်ရပ်သို့ ဖြစ်ပေါ်ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။ ၁၉၄၅ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းအဖြစ် အထင်အရှားရှိခဲ့သော ဖက်ဆစ်တော်လှန်ရေးကို တပ်မတော်သည် ပြည်သူတို့နှင့်အတူ နိုင်ငံနှင့်အဝန်းဆင်နွှဲခဲ့သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ အထင်အရှား ဖြစ်တည်ရှင်သန်လာခဲ့သည့် မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့နှင့် လက်တွဲ၍ နိုင်ငံလွတ်လပ်ရေး၊ နိုင်ငံကာကွယ်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး တို့ကို သမိုင်းစဉ်တစ်လျှောက် ပေါက်မြောက် အောင်မြင်စွာ ကြိုးပမ်း တည်ဆောက်ခဲ့၊ တည်ဆောက်ဆဲ၊ တည်ဆောက်နေမည်မှာ တပ်မတော်၏ ထာဝရသစ္စာတရားပင်ဖြစ်သည်ဟူ၍ အလေးအနက် ရည်ညွှန်းပြီး မော်ကွန်းဥဒါန်းဆိုလိုက်ပါသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အပါအဝင် မြန်မာတိုင်းရင်းသားပြည်သူတို့သည် တပ်မတော်၏ ဖက်ဆစ် တော်လှန်ရေးတွင် ကျရာတာဝန်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ထက်သန်စွာဖြင့် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ အနိ...
နယ်မြေအလိုက် ဖက်ဆစ်တို့၏ စ...
တပ်မတော်သို့ ပေးပို့ခဲ့ကြသဖြင့် တ...
စစ်ချီလမ်းကြောင်းများကို ပြောက်ကျ...
ခိုက်ခြင်း၊ ဖက်ဆစ်တို့၏ တပ်စခန်းမျ...
စီးနင်းတိုက်ခိုက်ခြင်းတို့ဖြင့် ဖက်...
အကျအဆုံးများစွာ ရှိခဲ့သည်။ တပ်မ...
ညီညွတ်မှုကို လေးစားကြောက်ရွံ့ခဲ့ကြ...

တပ်မတော်သည် ဖက်ဆစ်ကို တော...
တပ်များနှင့် ဆက်သွယ်ပြီး စစ်လက်န...
များကို ရယူခဲ့သော်လည်း ဗြိတိသျှမ...
တပ်အဖြစ် မဟုတ်ဘဲ သီးခြားတပ်...
ချက်ဖြင့် ဖက်ဆစ်ကို တော်လှန်ခဲ့ခြ...

နိုင်ငံနှင့်အဝန်း တပ်မတော်၏ ဖ...
အနက် ထင်ရှားသော စစ်တောင်...
တင်ပြလိုပါသည်။ စစ်တောင်းတိုက်ပွဲ...
ဆင်နွှဲရာတွင် တပ်မတော်၏ နောက...
ဆိုနိုင်သည်။

အချိန်ကာလသည် ၁၉၄၅ ခုနှစ် ...

မြန်မာ့တပ်...

ကော...

ဒေသတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး...
သာလိုတော့သည့် ရက်ဖြစ်လေသည်၊...
အမှတ်(၂၈)တပ်မတော်မှ ထောင်ပေါင်...
ပဲခူးရိုးမ၏ တောတွင်းမှ ထွက်လာခဲ့ကြ...
ထိန်းသိမ်းပိတ်ဆို့ ထားသော ရန်ကုန်–...
အနှံ့အပြားမှ ထိုးဖောက် ဆုတ်ခွာရန်...

သို့သော်လည်း ဖက်ဆစ်တို့သည် မြ...
စစ်ဆင်ရေးများနှင့် အနီးကပ်တိုက်...
နှစ်သောင်းကျော် အင်အားရှိသော ဖက်...
အင်အား ၇၀၀၀ ခန့်သာကျန်တော့သ...
သည်။

၁၉၄၅ ခုနှစ် ဇွန်လ၁၀ရက်နေ့ ...
တို့အား အဆုံးတိုင်ချေမှုန်းတိုက်ခိုက်...
တပ်ရင်းကြီး(ရန်ကုန်တပ်ရင်း)သည် ...

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

မြန်မာ့တပ်မတော်

ကေတုနီလာ

ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ အနိမ့်ဆုံးတာဝန်အဖြစ် ကျေးရွာနယ်မြေအလိုက် ဖက်ဆစ်တို့၏ စစ်ရေးလှုပ်ရှားမှု သတင်းများကို တပ်မတော်သို့ ပေးပို့ခဲ့ကြသဖြင့် တပ်မတော်သည် ဖက်ဆစ်တို့၏ စစ်ချီလမ်းကြောင်းများကို ပြောက်ကျားစနစ်ဖြင့် ဖြတ်တောက် တိုက်ခိုက်ခြင်း၊ ဖက်ဆစ်တို့၏ တပ်စခန်းများအား အလစ်အငိုက် ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းတို့ဖြင့် ဖက်ဆစ်တို့သည် လူသူလက်နက် အကျအဆုံးများစွာ ရှိခဲ့သည်။ တပ်မတော်နှင့် ပြည်သူတို့၏ စည်းရုံး ညီညွတ်မှုကို လေးစားကြောက်ရွံ့ခဲ့ကြသည်။

တပ်မတော်သည် ဖက်ဆစ်ကို တော်လှန်ရာတွင် ဗြိတိသျှ မဟာမိတ်တပ်များနှင့် ဆက်သွယ်ပြီး စစ်လက်နက်ရိက္ခာအကူအညီနှင့် စစ်ပညာများကို ရယူခဲ့သော်လည်း ဗြိတိသျှမဟာမိတ်တပ်၏ လက်အောက်ခံတပ်အဖြစ် မဟုတ်ဘဲ သီးခြားတပ်မတော်အဖြစ် ကိုယ်ပိုင်ရပ်တည်ချက်ဖြင့် ဖက်ဆစ်ကို တော်လှန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံနှင့်အဝန်း တပ်မတော်၏ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများအနက် ထင်ရှားသော စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲကို အကျဉ်းမျှ တင်ပြလိုပါသည်။ စစ်တောင်းတိုက်ပွဲသည် ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲရာတွင် တပ်မတော်၏ နောက်ဆုံးတိုက်ပွဲလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

အချိန်ကာလသည် ၁၉၄၅ ခုနှစ် ဇူလိုင် ၂၀ ရက်ဖြစ်ပြီး အရှေ့ဖျားလာသော စစ်ယာဉ်အစီး ၂၀ ကျော်ဖြင့် ရန်ကုန်မြေကို ကျော်ဖြတ်၍ မော်ဘီ၊ ထန်းတပင်မြို့သို့ ဦးတည် ချီတက်လာခဲ့သည်။ ယင်းမှတစ်ဆင့် ဇူလိုင်လ ၄ ရက် နေ့တွင် ပဲခူးသို့ ရောက်ရှိခဲ့သည်။ ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ပဲနွယ်ကုန်းမြို့များသို့ ဖြတ်သန်း ချီတက်ခဲ့သည်။

ပဲနွယ်ကုန်းမြို့မှ အရှေ့စူးစူးသို့ ကျဉ်းမြောင်းသော ရွှံ့နွံထူထပ်သည့် ကွမ်းချောင်းဝသွားလမ်းပေါ်တွင် စစ်မော်တော်ယာဉ်များ ကိုင်းတောကြီးကို ဖြတ်သန်းပြီး တရွေ့ရွေ့မောင်းနှင်လျက်ရှိသည်။ ဇူလိုင်လ ၁၂ ရက်နေ့ ညနေ ၄ နာရီတွင် ကွမ်းချောင်းဝရွာသို့ ရောက်ရှိခဲ့သည်။ ရွာထိပ်တွင် စစ်တောင်းမြစ်ကြီးခံနေသဖြင့် မော်တော်ကားလမ်း မရှိတော့ပြီ။

စစ်တောင်းမြစ်သည် မြွေကဲ့သို့ ကွေ့ကောက်၍နေသည်။ ရေစီးလည်း သန်သည်။ မိုးတွင်းကာလဖြစ်၍ တောင်ခြေမှရေတို့သည် တဝေါဝေါ တဒိုင်းဒိုင်းဖြင့် တွေ့သမျှသစ်ပင်ချုံနွယ်တို့ကို တိုက်ဖြတ်ပြီး စီးဆင်းနေသည်။ မြစ်ကွေ့များတွင် ဝဲပျံစုပ်ဝဲတို့နှင့် ပြည့်နှက်လျက်ရှိသည်။

မြစ်ကိုဖြတ်၍ နတ်သံကွင်းရွာသို့ ကူးဖြတ်ရသောတပ်မတော်သားတို့၏ ပင်ပန်းမှု၊ ဆင်းရဲမှုသည် ကြမ်းတမ်းခက်ထန်လှသည်။ နောက်ဆုံးတွင် မြစ်တစ်ဖက်ကမ်းရှိ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း ကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

ဤနေရာတွင် တပ်မတော်သားတို့၏အား (၁၀)ပါးတွင် အပါအဝင်ဖြစ်သည့် စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ စွန့်လွှတ်စွန့်စားမှုနှင့် သန္နိဋ္ဌာန်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှုတို့ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

တပ်မတော်သည် စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲများကို ၁၉၄၅ ခုနှစ် ဇူလိုင်လ ၁၄ရက်မှ ဩဂုတ်လ ၁၅ ရက်အထိ တစ်လကျော်ကာလတွင် တိုက်ပွဲကြီးခြောက်ပွဲ၊ တိုက်ပွဲလေး ရှစ်ပွဲ၊ ကင်းထောက်တိုက်ပွဲ ခြောက်ပွဲ၊ ဖောင်တိုက်ပွဲ ၁၆ ပွဲ ဆင်နွှဲခဲ့ရသည်။ ဖက်ဆစ်တို့ဘက်မှ တစ်သောင်းကျော်ကျဆုံးပြီး သုံ့ပန်း ၇၄၀ကို ဖမ်းဆီးရမိခဲ့သည်။

စင်စစ် စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲသည် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးဇာတိမာန် ပုံရိပ်ဖြစ်သော တပ်မတော်၏ စစ်ရေးစွမ်းရည်ကိုလည်း ကမ္ဘာသို့တိုင်အောင် ထင်ပေါ်ကျော်ကြားစေခဲ့သည်။ ဗြိတိသျှမဟာမိတ်တပ်မှ ဖီးမာရှယ်စလင်းက စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲသည် ဖက်ဆစ်တို့၏ အမှတ်(၂၈)တပ်မတော်အားလုံးကို ဖျက်ဆီးပစ်လိုက်ရုံသာမက မြန်မာပြည်ရောက်ဖက်ဆစ်တို့၏ စစ်စိတ်စစ်သွေးကိုပင် ချေမှုန်းနိုင်ခဲ့သည်ဟု မှတ်တမ်းတင် ဖော်ပြခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးတွင်တိုက်ပွဲဝင်ခဲ့ကြသော မျိုးချစ်တပ်မတော်သားများ။

ရဲဘော်သုံးကျိပ်ဝင်များ တောတွင်းတိုက်ပွဲလေ့ကျင့်နေစဉ်။

ဒေသတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးရန် ရက်သတ္တ သုံးပတ် ကျော်မျှသာလိုတော့သည့် ရက်ဖြစ်လေသည်။ ယင်းနေ့တွင် ဖက်ဆစ်တို့၏ အမှတ်(၂၈)တပ်မတော်မှ ထောင်ပေါင်းများစွာသော ဖက်ဆစ်တို့ သည် ပဲခူးရိုးမ၏ တောတွင်းမှ ထွက်လာခဲ့ကြပြီး ဗြိတိသျှမဟာမိတ်တပ်များက ထိန်းသိမ်းပိတ်ဆို့ ထားသော ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် အနှံ့အပြားမှ ထိုးဖောက် ဆုတ်ခွာရန် ကြိုးပမ်းကြသည်။

သို့သော်လည်း ဖက်ဆစ်တို့သည် မြန်မာ့တပ်မတော်၏ လျှပ်တစ်ပြက် စစ်ဆင်ရေးများနှင့် အနီးကပ်တိုက်ပွဲများကို ရင်ဆိုင်ခဲ့ကြရသည်။ နှစ်သောင်းကျော် အင်အားရှိသော ဖက်ဆစ်တပ်မကြီးသည် နောက်ဆုံး အင်အား ၇၀၀၀ ခန့်သာကျန်တော့သည်အထိ အကျအဆုံးများစွာရှိခဲ့သည်။

၁၉၄၅ ခုနှစ် ဇွန်လ၁၀ရက်နေ့ အရုဏ်ဦးကာလတွင် ဖက်ဆစ်တို့အား အဆုံးတိုင်ချေမှုန်းတိုက်ခိုက်မည့် အမှတ်(၁၀၆) တပ်မတော် တပ်ရင်းကြီး(ရန်ကုန်တပ်ရင်း)သည် စစ်သည်များအပြည့် တင်ဆောင်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် တပ်မတော်သည် ဗမာ့တပ်မတော်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရခိုင်တပ်ပေါင်းစု ဌာနချုပ်ဟူ၍ စစ်ဌာနချုပ်ကြီးများ ဖွဲ့စည်းပြီးနောက် တပ်ရင်းတပ်ဖွဲ့များကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ယင်းနောက် မြန်မာ့တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ကို ဖွဲ့စည်းခဲ့သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ၁၉၄၇ ခုနှစ် ဇူလိုင်လ လွတ်လပ်ရေး အကြိုကာလတွင် ရေတပ်မတော်အခြေခံအင်အား အဖြစ် ဖရီးဂိတ် သင်္ဘောနှစ်စင်း၊ ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် ၁၃ စင်း၊ မိုင်းရှင်းသင်္ဘော နှစ်စင်း၊ ဆိပ်ခံသင်္ဘော သုံးစင်းတို့ကို မတည်ရန်ဆုံးဖြတ်စီစဉ်ခဲ့သည်။

အလားတူပင် လွတ်လပ်ရေးအကြိုကာလအတွင်းမှာပင် ဘုရင့်လေတပ်မတော်မှ ပိုင်ဆိုင်သော အဆောက်အအုံများကို မြန်မာ့အပျော်တမ်း လေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ မြန်မာ့အပျော်တမ်းလေတပ်သားဦးရေမှာ အလွန်နည်းပါးလျက်ရှိသဖြင့် ၁၉၄၇ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် လေတပ်သား ၇၇ ဦး တို့ကို စုဆောင်းခေါ်ယူ၍ သင်တန်းများပို့ချပေးခဲ့သည်။ ဤသို့အားဖြင့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တပ်မတော်(လေ)ဟူ၍ ဖွဲ့စည်းလာခဲ့သည်။

ယင်းနောက် ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် တပ်မတော်သည် (ကြည်း၊ ရေ၊ လေ)လက်နက်ကိုင်သုံးရပ်ပါဝင်သော တပ်မတော်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။

ချုပ်၍ဆိုရလျှင် **တပ်မတော်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏၊ သြဇာခံအဖွဲ့အစည်းတစ်ခု၏ အသုံးချခံအဖွဲ့အစည်းမဟုတ်သကဲ့သို့ ကြေးစားလည်းမဟုတ်ခဲ့ပေ။ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးဆပ်မည်ဟူသော မြင့်မြတ်သည့်ခံယူချက်ဖြင့် ဖွဲ့စည်းဖြစ်တည်ရှင်သန်လာခဲ့သော တပ်မတော်ဖြစ်သည်။ တပ်မတော်သည် ပြည်သူတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတိုက်ပွဲများကို ဆင်နွှဲဖြတ်သန်းခြင်းဖြင့် ခိုင်မာကျစ်လျစ်သည့် တိုင်းရင်းသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ မြန်မာ့တပ်မတော် အဖြစ် အမျိုးသားရေးအင်အားစုကြီး ဖြစ်လာခဲ့သည်မှာ သမိုင်းက သက်သေပြုခဲ့ပြီးဖြစ်သည်။ တပ်မတော်နှင့်ပြည်သူသည် ထာဝရစည်းလုံး ညီညွတ်လျက်ရှိသကဲ့သို့ တပ်မတော်သည်လည်း ပြည်သူတို့နှင့်အတူ အမျိုးသားရေးတာဝန်များကို အသက် သွေးချွေးပေးဆပ်စွန့်လွှတ်ပြီး ဦးလည်မသုန် ထမ်းဆောင်မည်ဖြစ်သည်ဟူ၍ အလေးအနက် ယုံကြည်လျက် ရှိပါသည်။** ။

တပ်မတော်သည် ပြည်သူတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတိုက်ပွဲများကို ဆင်နွှဲဖြတ်သန်းခြင်းဖြင့် ခိုင်မာကျစ်လျစ်သည့် တိုင်းရင်းသားတပ်မတော်၊ ပြည်ထောင်စု တပ်မတော်၊ မြန်မာ့တပ်မတော်အဖြစ် အမျိုးသားရေးအင်အားစုကြီး ဖြစ်လာခဲ့သည်မှာ သမိုင်းက သက်သေပြုခဲ့ပြီး ဖြစ်သည်၊

ဖြူးမြို့မဟာစည်ရိပ်သာ၌ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

ဖြူးမြို့ မဟာစည်ရိပ်သာ၌ ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (သာသနဓဇ ဓမ္မာစရိယ) ဓမ္မကထိက ဗဟုဇန ဟိတဓရ အရှင်သူမြတ်ဦးစီး၍ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာအလုပ်ပေးတရားတော်များကို ဧပြီ ၇ ရက်မှစ၍ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

IPPF ၏ နည်းဗျူဟာဆိုင်ရာဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပ
မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေအမှာစကားပြောကြား

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် International Planned Parenthood Federation (IPPF) တို့ ပူးပေါင်းစီစဉ်ကျင်းပသော IPPF ၏ နည်းဗျူဟာဆိုင်ရာဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေ အဖွဲ့ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi ၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တာဝန်ရှိသူများ၊ International Planned Parenthood Federation (IPPF) အရှေ့၊ အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာဒါရိုက်တာDatuk Dr Raj Karim နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက ဖွင့်ပွဲအခမ်း အနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် International Planned Parenthood Federation (IPPF)အရှေ့၊ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ Datuk Dr Raj Karim က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို ရပ်နားလိုက်သည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် IPPF ၏ နည်းဗျူဟာဆိုင်ရာဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် အမျိုးသမီးဝတ် စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲတွင် ဆုရရှိသူအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျင်မိုကဂုဏ်ပြုဆုချီးမြှင့်စဉ်။

မြန်မာအမျိုးသမီးဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

ရန်ကုန်အနောက်ပိုင်းခရိုင်ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်ခင်စီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကျင်မိုတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာအမျိုးသမီးဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ပြိုင်ပွဲကို ကျင်းပပြီး ဆုရရှိသူများအား တိုင်းနှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အုံးကျင်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုး သတိပြု

မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၀၄ (သောကြာနေ့)နံနက်ပိုင်း၊

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုမြနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း၊

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	နားဝင်ငြိမ့်စီးသီချင်းကြိုး
၄:၂၀	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Internal structure and organization (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀	၁၀။	ပညာခေတ်
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တစ်ရေးချစ်ခွင့်"** အပိုင်း(၁၆)ဇာတ်သိမ်းပိုင်း
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၃၈)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား

ဗြောင်းမြအမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁၁

အမှတ်(၁)အထက မြောင်းမြမြို့၏ ၂၀၀၄ခုနှစ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက (၁) ပညာရတနာခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအားလုံးတက်ရောက်ပူဇော်ခံကြရန်နှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူ ဟောင်း/သစ်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ အလှူငွေထည့်ဝင်လိုသူများသည် ဦးသန့်ဇင် ဖုန်း- ၀၉-၉၉-၂၂၁၉၇၊ ဦးလှဖေ ဖုန်း- ၂၂၁၄၁၉၊ ဦးကြည်ထွန်း ဖုန်း- ၅၇၀၅၉၂၊ ဦးငွေထွန်း ဖုန်း- ၂၅၀၂၈၄၊ ဦးတင့်လွင် ဖုန်း-၂၉၉၆၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

သံအမတ်ကြီး ဦးခင်မောင်အေး ခန့်အပ်လွှာပေးအပ်

ရန်ကုန် မတ် ၁၂

ပေါ်တူဂီသမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်အေးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် လစ်စဘွန်းမြို့၌ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော့ဖာနန်ဒို၊ ဘရန်ကို၊ ဒယ်၊ ဆမ်ပိုင်အိုထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ (သတင်းစဉ်)

မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာခုကန်ကျေးရွာ ပုညသင်္ဂဟကျောင်းတိုက်တွင် တန်ခူးလဆန်း ၁၀ ရက် (မတ် ၃၀ ရက်)မှ ဧပြီ ၈ ရက်ထိ မဟာစည်သြဝါဒခံ သတိပဋ္ဌာန်ဝိပဿနာ၁၀ရက်တရားစခန်းကို အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ က ဦးစီး၍ ပုညသင်္ဂဟကျောင်းဆရာတော် ဦးရေဝတက သတိပဋ္ဌာန်လုပ်ငန်းစဉ်တရားတော်များကို ဟောဖော်ညွှန်ပြမည်ဖြစ်သည်။ တရားအားထုတ်လိုသည့်ယောဂီများသည် အဆိုပါ ပုညသင်္ဂဟကျောင်းနှင့် ဖုန်း-၆၄၃၇၇၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄) ရက်နေ့
နှင့်
(၂၈-၃-၂၀၀၄) ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၀၄(သောကြာနေ့) နံနက်ပိုင်း၊

၇:၀၀	၁။	ကျေးရှူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတွက်စားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၂၀	၈။	ဖြူးချောင်းတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	English for Everyday Use.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း၊

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး ၂၀၀၂ ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅	၃။	Practice in Reading
၁၆:၃၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၂ ခုနှစ်)
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၁၇:၀၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၁၇:၂၀	၇။	တေးဂီတအစီအစဉ်
၁၇:၃၅	၈။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၀။	(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၁၅	၁၁။	Discovery
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၆)
၁၉:၃၀	၁၅။	ဖွံ့ဖြိုးသာယာ ပါဒကြီးကျေးရွာ
၁၉:၄၀	၁၆။	၂၀၀၂ ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) "ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ပြည်သူ့အတွက် တပ်မတော်" - ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက် - အမြင်အတိုင်း (ပိုးအိစံ)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ **"နွေဦးဆောင်းနှောင်း လတပေါင်း"** (အပိုင်း-၂)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

❒ တပ်မတော်လေ့ကျင့်ရေးမှ

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နံနက် ၈နာရီတွင် စစ်ရေးပြစစ်ကြောင်းများ တည်းခိုသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိလာရာ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုး၊ ဒုတိယစစ်ထောက်ချုပ်ဗိုလ်မှူးကြီးလင်းမောင်၊ ကျန်စစ်သားစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှစစ်ကြောင်းမှူးများနှင့်တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိ(ပထမတန်း)(စစ်ထောက်) ဒုတိယဗိုလ်မှူးကြီး သိန်းဆင့်က တိုင်းစစ်ဌာနချုပ်အတွင်း စစ်ကြောင်းများ နေရာချထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်စစ်သားစစ်ကြောင်းစစ်ကြောင်းမှူးနှင့် မြဝတီစစ်ကြောင်း စစ်ကြောင်းမှူးတို့က စစ်ရေးပြတပ်ခွဲများ နေရာချထားမှုနှင့် စစ်ရေးပြ လေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စစ်ကြောင်းတပ်ခွဲများအလိုက် စစ်ရေးပြကောင်းမွန်ရေး၊ စစ်သည်များ စိတ်ဓာတ်မြင့်မားပြီး စည်းကမ်းစနစ်တကျရှိရေးနှင့်ကျန်းမာပျော်ရွှင်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များနှင့် စားချက်ဆောင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဂျီအီးစီ အရောင်းဆိုင်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆုချီးမြှင့်ရန်မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ဆက်ဆံရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး စစ်ရေးပြစစ်ကြောင်းများတွင် ဖွင့်လှစ်ထားသည့် ဆက်ဆံရေးစခန်းများအနေဖြင့် စစ်ရေးပြတပ်ခွဲများမှ စစ်သည်များအား စစ်သည်တော်ကျင့်ဝတ်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ဖြေဆိုပွဲများ ကျင်းပပေးပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ပေးရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စာအုပ်အရောင်းဆိုင်၊ ဆက်သွယ်ရေးစခန်းနှင့် သက်သာချောင်ချိရေး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဂုဏ်ပြုဆုငွေများချီးမြှင့်

ထိုမှတစ်ဆင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရန်ကုန်မြို့ သန်လျက်စွန်းရှိ ဧရာဝတီရေတပ်စခန်းဌာနချုပ် အားကစားကွင်း၌ နဝဒေးစစ်ကြောင်း စစ်ရေးပြလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စစ်ရေးပြပိုမိုကောင်းမွန်သည့် တပ်ခွဲများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နဝဒေးစစ်ကြောင်း စစ်ကြောင်းရုံး၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော်က စစ်ရေးပြတပ်ခွဲအလိုက်နေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲ အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချက်ပြုတ်ကျွေးမွေးမှု ပိုမိုကောင်းမွန်သည့် စားချက်အဖွဲ့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စစ်ရေးပြ တပ်ခွဲများအတွက် ဖွင့်လှစ်ပေးထားသည့် သက်သာချောင်ချိရေး အရောင်းဆိုင်များနှင့် ဆက်ဆံရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း စစ်ရေးပြ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ စစ်ရေးပြလေ့ကျင့်မှု ပိုမိုကောင်းမွန်သည့် တပ်ခွဲများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် အောင်ဆန်းစစ်ကြောင်း စစ်ကြောင်းရုံး၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မောင်မောင်သန်းက စစ်ရေးပြတပ်ခွဲများ နေရာချထားမှုနှင့် စစ်ရေးပြလေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောင်ဆန်းစစ်ကြောင်း စစ်ရေးပြတပ်ခွဲများ၏ စားချက်ဆောင်၊ စားရိပ်သာနှင့် တည်းခိုဆောင်များ၊ ဆက်ဆံရေးစခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့တည်းခိုသည့် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ စစ်ကြောင်းမှူးများက စစ်ရေးပြတပ်ခွဲများ နေရာချထားမှုနှင့် စစ်ရေးပြ လေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် စစ်ရေးပြတပ်ခွဲများ၏ အိပ်ဆောင်များ၊ စားချက်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် စစ်ရေးပြတပ်ခွဲများမှ တပ်မတော်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်စစ်ရေးပြ အောင်ဆန်းစစ်ကြောင်းစစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကြောင်းကြီးများတည်းခိုရာစခန်းအသီးသီး၌ စင်တင်တေးအငြိမ့်နှင့်ရုပ်ရှင်များဖြင့်ဖျော်ဖြေ

ရန်ကုန် မတ် ၁၁

(၅၉)နှစ်မြောက်တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာစခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီစင်တင်တေးဂီတ)အဖွဲ့၊ အမှတ်(၂)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံတပ်ရင်းများက ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ထိုသို့ဖျော်ဖြေရာတွင် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်းတွင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မြဝတီစင်တင်တေးဂီတ)အဖွဲ့နှင့်အတူ စတူဒီယိုတေးသံရှင်များကလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ ဖျော်ဖြေရေးအဖွဲ့က အဆို၊အက၊အငြိမ့်၊ ဟာသများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့၌ "နှုတ်ခမ်းထက်က ဓားသွား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့် လည်းကောင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ နဝဒေးစစ်ကြောင်း၌ "ညမင်းသား" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌"မောဟမျဉ်းပြိုင်များ"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

လူငယ်များပြုစုပျိုးထောင်ရေးဌာန တည်ဆောက်ရေးညှိနှိုင်း ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တက်ရောက်မှာကြား

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏အစီအစဉ်ဖြင့် မူဆယ်မြို့နယ် နမ့်အွန်ကျေးရွာအုပ်စု တီးမကျေးရွာ၌ တည်ဆောက်သွားမည့် လူငယ်များပြုစုပျိုးထောင်ရေးဌာနဆောက်လုပ်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှိုင်က ယခုတည်ဆောက်မည့် လူငယ်များ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနမှ လက်ရှိမှတ်တမ်းစာရင်းများအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေဒေသအတွင်း မူးယစ်ဆေးစွဲသူအရေအတွက် အလွန်များပြားနေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ ထိုသို့ မူးယစ်ဆေးစွဲသူအရေအတွက်များနေခြင်းသည် ဒေသတွင် မူးယစ်ဆေးဖြတ် ကုသပေးမည့် ဆေးရုံ/ဆေးခန်းများ လိုအပ်နေ၍ ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ဆုံးဖြတ်ချက်

ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေဒေသအတွင်း သင့်တော်မည့် ဒေသတစ်ခုခု၌ မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်မှုပြုလုပ်ပေးမည့်ဌာနတစ်ခု ဖွင့်လှစ်သွားရေးတို့ကို ၂၀၀၃ခုနှစ် စက်တင်ဘာ ၇ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကျင်းပသည့် မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃) က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း။

ပန့်ကြက်တင်ပေးခဲ့

အဆိုပါ အစည်းအဝေးဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်ဒေသက နေရာသုံးနေရာကို တင်ပြလာခဲ့ကြောင်း၊ သို့အတွက် မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၀၄)က ယခုတည်ဆောက်မည့် မူဆယ်မြို့နယ် တီးမကျေးရွာ နေရာကို ရွေးချယ်ခဲ့ကြောင်း၊ ယခုဆောက်လုပ်မည့်နေရာကို ဖေဖော်ဝါရီ၁၇ရက်နေ့၌ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့်အဖွဲ့က ကွင်းဆင်းသွားရောက်ကြည့်ရှုမြေကွက်ဖော်ထုတ်မြေ ပြုပြင်ခြင်းလုပ်ငန်းများကို ရဲကင်းတစ်ခု ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုမတ်၄ရက် နံနက် ၉ နာရီခွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဒုတိယရဲချုပ်တို့က အဆောက်အအုံဆောက်လုပ်ရန် ပန့်ကြက်တင်ပေးခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်က တီးမကျေးရွာ ပြန်လည်ပြုစု ပျိုးထောင်ရေးဌာန တည်ဆောက်ရန် အကွက်ချပုံစံများနှင့် ဝန်ထမ်းအင်အား အဆိုပြုလျာထားချက်များကို ဓာတ်ပုံဆလိုက်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြကာ အစည်းအဝေး တက်ရောက်လာကြသူများက မိမိဌာနအလိုက် ဆောင်ရွက်ချက်များ၊ ဆောင်ရွက်ရန် ရှိသည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြောရောဂါများအကြောင်းဟောပြောပို့ချမည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူး၍ အကြောရောဂါများအကြောင်း (Symposium on Soft Tissue Lesions) ကို မတ်၁၄ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ ဟောပြောပို့ချမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ ဆရာဝန်များ၊ ဆေးကျောင်းသားကျောင်းသူများ၊ အကြောကျွမ်းကျင်သူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ကူညီမှု၊ Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၄၃၉ ဦးနှင့် သင်္ဘော ဝန်ထမ်း ၆၃၆ ဦး တင်ဆောင်လာသော အမေရိကန်နိုင်ငံအခြေစိုက် Crystal Cruises Ltd.မှ MS Crystal Serenity အပျော်စီးသင်္ဘောကြီး မတ်၁၁ရက် နံနက်ပိုင်းက သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။

(ဟိုတယ်/ခရီး)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်လုပ်ငန်းကဏ္ဍာရှင်းလင်း

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမဆောင်တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲအခမ်းအနားကို မတ်၁၀ရက် နံနက်၁၀နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေး ပုဂ္ဂိုလ် ဒေါ်မြင့်မြင့်အေး၊ ဒေါ်ခင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ တက်ရောက်ကြသည်။**(အောက်ပုံ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ မြန်မာစာပါမောက္ခဒေါ်ခင်ဆွေမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍများအကြောင်းကို ဒေါ်ခင်စောဥမ္မာနှင့် ဒေါ်ရီရီဝင်းတို့က ရှင်းလင်းဟောပြောဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်စခန်းများ ဒုတိယဝန်ကြီးစစ်ဆေး

ရန်ကုန် မတ် ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် လေးထောင့်ကန်မြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ထောက်ကြန့် မီးသတ်စခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံများက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် တပ်ဖွဲ့ဝင်များအား အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်စက်ယာဉ်များ၏ စက်သုံးဆီသုံးစွဲမှုအခြေအနေများ၊ မီးငြိမ်းသတ်စဉ်ရေအလွယ်တကူရရှိရေးကိစ္စရပ်များအား စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် မြန်မာ–ထိုင်း တူညီယဉ်ကျေးမှု ဖော်ထုတ်ရေး လူငယ်ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၁

မြန်မာလူငယ်များအား အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် မြန်မာတို့၏တူညီသည့် ယဉ်ကျေးမှုများအား သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၌ မတ်၂ရက်နှင့် ၃ရက်များတွင် ကျင်းပခဲ့သော ၂၀၀၄ ခုနှစ် မြန်မာ–ထိုင်း တူညီယဉ်ကျေးမှုဖော်ထုတ်ရေးလူငယ်ပန်းချီပြိုင်ပွဲတွင် ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)၊ ရန်ကုန်ပန်းချီ၊ ပန်းပု ကျောင်းနှင့် မန္တလေး ပန်းချီ၊ ပန်းပုကျောင်းတို့မှ ပြိုင်ပွဲဝင် အင်အား ၁၀၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမအထူးဆု (Grand Prize) (ဆီဆေး)တွင် မခိုင်ဦးလွင် ပထမနှစ်(ပန်းချီ)ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)နှင့် မောင်ဇော်ကိုကို တတိယနှစ်(ပန်းချီ) ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းကလည်းကောင်း၊ ပထမအထူးဆု(ရေဆေး)ပြိုင်ပွဲတွင် မငြိမ်းငြိမ်းအိ စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မောင်ဝင်းဇော် ဒုတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တို့ကလည်းကောင်း၊ ဒုတိယဆုတွင် မောင်ရဲကျော်စွာ တတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်သိန်းဆိုင် ပထမနှစ်(ပန်းချီ)ရန်ကုန်ပန်းချီ၊ပန်းပုကျောင်း၊ မောင်မင်းဇေယျာဦး ဒုတိယနှစ်(ပန်းချီ) ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်း၊ မောင်ဇော်လင်းနိုင် ဒုတိယနှစ်(ပန်းချီ)၊ မန္တလေး ပန်းချီပန်းပုကျောင်း၊ မောင်စောကျော်ဇော စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့က လည်းကောင်း၊ နှစ်သိမ့်ဆုများအဖြစ် မောင်ဝေဖြိုးသက် တတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၊ မောင်ရွှေသိန်း တတိယနှစ်(ပန်းချီ) ရန်ကုန်ပန်းချီ ပန်းပုကျောင်း၊ မောင်စစ်မိုးအောင် စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်ကျော်ဝင်းလှိုင် စတုတ္ထနှစ် (ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မောင်ဇင်မင်းလှိုင် ဒုတိယနှစ် (ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မဆုမွန်ကိုကို စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်ကျော်မျိုးသန်း တတိယနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မဇင်မာနွယ်၊ စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မခိုင်ဦးလွင် ပထမနှစ် (ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်စိုးသန်းမင်း စတုတ္ထနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့က လည်းကောင်း အသီးသီးဆုရရှိခဲ့ကြသည်။

အဆိုပါ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်၁၃ရက် နံနက်၉နာရီတွင် ဘက်စုံခန်းမ အမျိုးသားပြတိုက်၌ကျင်းပမည်ဖြစ်ပြီး ဆုရပန်းချီကားများနှင့် ပြိုင်ပွဲဝင် ပန်းချီကားများအား မတ်၁၃ရက်မှ ၁၅ရက်အထိ ဘက်စုံခန်းမ အမျိုးသားပြတိုက်၌ ပြပွဲ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၂၀၀၇၄၅

❀ ကေအင်န်ပီပီမှ

သောင်းကျန်းသူတို့၏ပစ်ခတ်မှုကြောင့်မော်တော်ယာဉ်၏ရှေ့ညာဘက်ဘီး လက်နက်ငယ်ကျည်ထိမှန်၍ ကားဘီးကွဲကာ ရပ်တန့်သွားချိန်တွင် (၄၀)မမ ဗုံးပစ်လောင်ချာနှင့် လက်နက်ငယ်တို့ဖြင့် ဆက်တိုက်ပစ်ခတ်မှုကြောင့် လွိုင်ကော်မြို့ အုပ်စု(၈) ကြည်သာယာရပ်ကွက်မှ မရယ်ဒီးယား (၁၉)နှစ်(ဘ–ဦးမောင်ကို)မှာ ဦးခေါင်းတွင်လက်နက်ငယ်ကျည်ထိမှန်ပြီးသေဆုံးသွားသည်။

လွိုင်ကော်မြို့ အုပ်စု(၉)နာနတ်တောမှ မသဲအိလှိုင်(၁၈)နှစ်(ဘ–ဦးချစ်လှိုင်)၊လွိုင်ကော်မြို့ အုပ်စု(၆) ဒေါတမရပ်ကွက်မှ ကိုဝင်းကို (၂၈)နှစ်(ဘ–ဦးမြင့်ဆွေ)၊ လွိုင်ကော်မြို့ အုပ်စု(၉) ကြည်သာယာရပ်ကွက်မှ ဦးသိန်းအေး (၄၂)နှစ်(ဘ–ဦးစစ်တာ)၊ ဖရူဆိုမြို့နယ်ငွေတောင်ရွာသစ်မှ မချောစုလှိုင်(၁၈)နှစ်(ဘ–ဦးဘိုချို)တို့ ဒဏ်ရာများရရှိကြသည်။ လူနာများအားလွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးဝါးများကုသပေးလျက်ရှိသည်။ သောင်းကျန်းသူများ ဆုတ်ခွာသွားရာနောက်သို့ တပ်မတော် စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးငါးပါး၊ သီလရှင်တစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းကိုခံယူတော်မူသော ပုသိမ်ခရိုင်မှ ဆရာတော်ကြီး ငါးပါး၊ သီလရှင်ဆရာကြီးတစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦးတို့အား ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၂၁ ရက် (၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်)တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၁/၄၃ စီ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်းဓမ္မာရုံကြီးတွင် စည်ကား သိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုများ၊ မြို့နယ်သူမြို့နယ်သားများ၊ ဓမ္မမိတ်ဆွေများ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဒါန်းလိုသူများသည် ပုသိမ်အသင်းတိုက် အမှတ် (၂၀၂/၂၁၄)၊ ပထမထပ်၊ အခန်း ၁၂/၁၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၇၈၂၅၈ သို့လည်းကောင်း၊ ဧရာဝတီတိုင်းဓမ္မာရုံ ဖုန်း-၃၇၀၅၇၉ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မှုခင်းကျူးလွန်ဆောင်ရွက်ရန် စက်ဘီးများလှူဒါန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့် ရဲစခန်းနယ်မြေအတွင်း မှုခင်းကျူးဆင်းရေးဆောင်ရွက်ရာတွင် အသုံးပြုရန်တန်ဖိုးငွေ ကျပ် ၁၅၀၀၀၀တန် စက်ဘီးခြောက်စီး လှူဒါန်းပွဲကို မတ် ၁၀ ရက် ညပိုင်းက မြို့နယ်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဝင်း၊ အလှူရှင် ကန်နောက်ရပ်ကွက် ၈ဧလမ်း၊ တိုက် (၈) ငါးလွှာနေ ဦးတင်မောင်ဦး(နဝရတ်ရွှေပန်းထိမ်) ညီမ မဝင်းဝင်းဖြိုး(လှသီရိအလှပြုပြင်ရေး)၊မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းငွေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်မှ လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြပြီးနောက် စက်ဘီးနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ခရိုင်ရဲတပ်ဖွဲ့မှူးအား ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ထို့နောက် ခရိုင်ရဲ တပ်ဖွဲ့မှူးက ဂုဏ်ပြုလွှာပေးအပ်ပြီး မှုခင်းကြိုတင်ကာကွယ်ရေး ဝိုင်းဝန်းကူညီပူးပေါင်းပေး ဆောင်ပုဒ်နှင့်အညီ ပါဝင်ကူညီ လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားပြီးနောက် ရဲတပ်ဖွဲ့ဝင်များကိုလည်း လိုအပ်သည်များ မှာကြားသည်။ **(၃၂၀)**

ဖြူးမဟာစည် ၁၀ ရက်စခန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း လှိုင်မြို့နယ်ဓမ္မရက္ခိတ ဖြူးမဟာစည် ကျောင်းတိုက်၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏နည်းအတိုင်း ဧပြီ ၁၀ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တရားစခန်းတွင် ဖြူးဆရာတော် ဘဒ္ဒန္တ ရနရပတိ ဆရာတော် ဦးစီး၍ အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားအားထုတ်လိုသူများသည် ဖုန်း-၀၁-၆၈၂၇၁၁ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဏာမမြန်မာ့လက်ရွေးစင်နှစ်သင်းခွဲ ခြေစမ်း အနီရောင်အသင်းက အဖြူရောင်အသင်းကိုနိုင်

ရန်ကုန် မတ် ၁၁

တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နှစ်သင်းခွဲခြေစမ်းပွဲကို ယနေ့ ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ အနီရောင်အသင်းက အဖြူရောင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အနီရောင်အသင်းတွင်(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်းမှ အားကစားသမားအများစု ပါဝင်ပြီး အဖြူရောင်အသင်းတွင် ဘင်းမ်စတက် ချန်ပီယံမြန်မာလူငယ်အသင်းမှ အားကစားသမားအများစု ပါဝင်ကစားသွားသည်။

ယနေ့ ခြေစမ်းပွဲမှာ ပရိသတ်မျှော်လင့်ထားသလောက် အကြိတ်အနယ် ပွဲကြီးပွဲကောင်း ဖြစ်မလာဘဲ သာမန်မျှသာ ကစားသွားကြသည်။ အနီရောင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း မိနစ် ၄၀ တွင် အောင်ကျော်မိုးက ကန်သွင်းယူသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းခွင့်များရရှိသော်လည်း ဂိုးသွင်းမသေချာ၍ ဂိုးထပ်မရဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲပြီးသွားသည်။

အနီရောင်အသင်း

အနီရောင်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **(နောက်တန်း)** ကျော်ခိုင်ဝင်း၊ ဇော်လင်းထွန်း(၂)၊ မင်းသူ၊ စိုးလင်းထွန်း၊ **(အလယ်တန်း)**ခင်မောင်ထွန်း၊ တင့်နိုင်ထွန်းသိန်း၊ အောင်ကျော်မိုး၊ ကျော်သူရ၊ **(ရှေ့တန်း)** ဇော်ထိုက်နှင့် ရန်ပိုင်တို့ ပါဝင်ကစားသွားသည်။

အဖြူရောင်အသင်း

အဖြူရောင်အသင်းတွင် **(ဂိုး)** ဟိန်းဇေယျာကျော်၊ **(နောက်တန်း)** ဇော်ထက်အောင်၊ မင်းမင်းထွန်း၊ အောင်ထွန်းလင်း၊ အောင်ဇော်မျိုး၊ **(အလယ်တန်း)** ထွန်းထွန်းဝင်း(၁)၊ မျိုးမင်းထွန်း၊ ကျော်ကျော်စိုး(အေးမင်းထွန်း)၊ အောင်လတ်သူ(နိုင်ဝင်း)၊ **(ရှေ့တန်း)**ထွန်းမင်းဦးနှင့် ဘိုဘိုအောင်တို့ ပါဝင်ကစားသွားကြသည်။ **(မြန်မာ့အလင်း)**

တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အားဖူးမြော်ကြည်ညို

ရန်ကုန် မတ် ၁၁

တရုတ်-မြန်မာနှစ်နိုင်ငံ စာရေးဆရာများအပြန်အလှန် နားလည်မှုနှင့် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်မှုကို တိုးပွားလာစေရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလို့ ခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ တာဝန်ရှိသူ များလိုက်ပါ၍ ယနေ့နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများအသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလို့က စေတီတော်ဂေါပကအဖွဲ့၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တရုတ်စာရေးဆရာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ရုံးချုပ်)သို့ သွားရောက်၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများ အသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလို့ ခေါင်းဆောင်သော တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ (ORIENTAL House) စားသောက်ဆိုင်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ဂုဏ်ပြုနေ့လယ်စာတည်ခင်းဧည့်ခံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး) နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင် ကော်မတီဝင်များနှင့် ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် သီချင်းရေးသူ ဦးစိုးညွန့် (ထီလာစစ်သူ)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Fengတို့ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာများ အသင်း သဘာပတိအဖွဲ့ အဖွဲ့ဝင် ဝမ်ချုံးလို့တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အမှတ်တရပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြကာ ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် သီချင်းရေးသူဦးစိုးညွန့် (ထီလာစစ်သူ)က ၎င်းရေးသားပြီး တရုတ်ဘာသာဖြင့် ထုတ်ဝေသည့် "ဧရာဝတီ ယန်စီ ချစ်ကြည်ရေး တေးဆို" အလင်္ကာကဗျာများ စာအုပ်ကိုလည်းကောင်း စာရေးဆရာမကြီး ယုဝတီ ခင်စိန်လှိုင်က ၎င်းရေးသားပြီး မြန်မာဘာသာဖြင့် ထုတ်ဝေသည့် "အကြင်နာ မဟာတံတိုင်း" စာအုပ်ကိုလည်းကောင်း၊ တရုတ်စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝမ်ချုံးလို့အား အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ထို့နောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး စာပေနှင့်ပတ်သက်သည့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ယခုသောကြာပတ် မြန်မာဇာတ်ကားသစ် ရုံမဝင် "ပေါ့ပေါ့ပါးပါးပြုံး" ဇာတ်ကား လာမည့်သောကြာပြမည်

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မတ် ၁၁

ယခုသောကြာပတ်တွင် မြန်မာဇာတ်ကားသစ် ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲမြန်မာဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။

ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်းနှင့် ခိုင်နှင်းဝေတို့ပါဝင်သရုပ်ဆောင်ထားသော **"ပေးဆပ်သူတို့ နှလုံးသား"**ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

ရှေ့ဆောင် အဆင့်မြင့်ရုံတွင် ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူးပြီး ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦးတို့ပါဝင်သရုပ်ဆောင်ထားသော **"ကိုယ်တိုင်ရေးရာဇဝင်"** ဇာတ်ကား ရှေ့ဆောင်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဗီယက်နမ်စစ်ကို အခြေခံရိုက်ကူးထားသော We Were Soldiers ဇာတ်ကား နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ We Were Soldiers ဇာတ်ကားတွင် Mel Gibson, Samelliott°တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ဘုရင်ရုံတွင် Akshay Kumar, Madhuri Dixit, Saifali Khan,°Amrish Puri°တို့ ခေါင်းဆောင် ပါဝင်သော AARZOO ဇာတ်ကား ရုံဝင်လာသည်။

ပေါ့ပေါ့ပါးပါးပြုံးဇာတ်ကားမှ ကျော်ရဲအောင်၊ နန္ဒာလှိုင်နှင့် အိန္ဒြာကျော်ဇင်။

လာမည့်သောကြာပတ်တွင် ချစ်သူရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာကိုအောင်မင်းသိမ်းရိုက်ကူးပြီး ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ မေသဥ္ဇာဦး၊ ဦးအောင်လွင်၊ ဒေါ်နွဲ့နွဲ့စန်းတို့ပါဝင်သရုပ်ဆောင်ထားသော **"ပေါ့ပေါ့ပါးပါးပြုံး"**ဇာတ်ကား ရုံဝင်လာမည်ဖြစ်သည်။ ခေတ်မီခေတ်ဆန်သည့်ဖခင်နှင့် ရှေးရိုးဆန်သည့် မိခင်တို့အကြား အဆင်ပြေစေရန် တစ်ဦးတည်းသောသမီးလေးပူတူးက စရိုက်နှစ်မျိုးဖြင့် နေထိုင်ရပုံ၊ အသွင်မတူသည့် မိဘနှစ်ပါးအဆင်မပြေဖြစ်ရပုံ၊ နောက်ဆုံးခေတ်ဆန်လွန်းလျှင်လည်း မတော်သလို ရှေးရိုးဆန်လွန်းလျှင်လည်း မကောင်းပုံများကို ပီပီပြင်ပြင် ရိုက်ကူးထားသော ပညာပေးဇာတ်ကားတစ်ကားဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ပေးဆပ်သူတို့နှလုံးသား ဇာတ်ကားမှ မျိုးသန္တာထွန်း။

ကိုယ်တိုင်ရေးရာဇဝင် ဇာတ်ကားမှ ခိုင်သင်းကြည်။

အင်တာနက်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)က ကြီးမှူး၍ IT°ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တာနက်မိတ်ဆက်သင်တန်းကို ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park°ရှိ e-Learning Center°၌ မတ် ၂၂ ရက်မှစ၍ ရက်သတ္တ နှစ်ပတ်ကြာ နေ့စဉ် (ရုံးပိတ်ရက်မပါ) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၆၅၂၃၀၇၊ ၇၀၇၅၀၃တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြတ်ဗုဒ္ဓခြေတော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်စဲကျွန်း မြတ်ဗုဒ္ဓခြေတော်ရာ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဂန္ဓကုဋိကျောင်းတော် ရေစက်ချ ထီးတော်တင်မင်္ဂလာအခမ်းအနားကို တန်ခူးလဆန်း ၁၀ ရက် (မတ် ၃၀ ရက်) အင်္ဂါနေ့ နံနက် ၈ နာရီတွင်ကျင်းပမည်ဖြစ်ရာ ရေစက်သွန်းချအမျှပေးဝေနိုင်ရန် သမဝါယမဝန်ကြီးဌာနမှ သမဈေးပွဲတော်များတွင် ပစ္စည်းစုံ၊ ကုန်စုံများရောင်းချပြီး ပျော်ပွဲရွှင်ပွဲများဖြင့်ဧည့်ခံ၍ ကုသိုလ်တော်အလင်းကို ပီတိဝမ်းသာ မနောသဒ္ဓါဖြင့် ကောင်းချီးပူဇော်နိုင်ရန် စေတနာရှင် ပါရမီရှင်များနှင့် ရပ်ဝေးရပ်နီးမှ အလှူရှင်ပြည်သူအပေါင်းတို့အား ဖိတ်ကြားနှိုးဆော်ထားသည်။

ခြေတော်ရာဂေါပကအဖွဲ့

ရခိုင်ပြည်နယ်၊ရသေ့တောင်မြို့နယ်၊ မုန်စဲကျွန်း။

မတ် ၆ ရက်က အထက (၁) စမ်းချောင်း ပညာရေး မိသားစု၏ (၁၃)ကြိမ်မြောက် ရဟန်းခံ ရှင်ပြု အလှူ မင်္ဂလာ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမွန် နှင့် ဆရာ ဆရာမ များ၊ မိဘများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (က–ပ)

ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၁၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း ဓမ္မသီဂိပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာ၌ ကမ္ဘာ့သာသနာပြုကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကြီးကို ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက် (ဧပြီ ၃ ရက်)မှ နှောင်းတန်ခူးလပြည့်ကျော် ၅ ရက် (ဧပြီ ၉ရက်)အထိကျင်းပမည်ဖြစ်သည်။ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒက၊ အင်းစိန်ညောင်ကန် အေးသာသနာ့ရိပ်သာ သာသနဓဇ ဓမ္မာစရိယ မဟာစည်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ထီလာအရှင် သုန္ဒရတို့နှင့် မြောက်ဥက္ကလာပမြို့နယ် ဓမ္မသီဂိပျော်ဘွယ်ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသီဂိပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာ ပဓာန နာယက ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဝိသုဒ္ဓရံသီတို့က မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်တို့ကို ဟောကြား ပြသတော်မူကြမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

မဟာစည် ၁၀ ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၁

သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်ဓမ္မဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာစည် ဝိပဿနာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို ၁၃၆၅–၆၆ ခုနှစ် တန်ခူးလသင်္ကြန်အခါသမယတွင် အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သီရိဓမ္မ ကြီးမှူး၍ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအကျင့်ကောင်းများကို ဟောဖော်ညွှန်ကြားပြသတော်မူမည်ဖြစ်သည်။ တရားအားထုတ်လိုသည့် ယောဂီအကန့်အသတ်ရှိပါသဖြင့် ကြိုတင်၍ ကျိုက္ကစံစေတီတော် ဂေါပကရုံး ဖုန်း–၅၆၅၄၅၂ သို့ စာရင်းပေးသွင်းကြရန်နှင့် ယောဂီများအတွက် အရဏ်၊ နေ့ဆွမ်း၊ ညနေဖျော်ရည်များပါ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

“မင်း” တော်ဝင်ဘုရားဖူးပို့ဆောင်ရေးခရီးစဉ်များ

ရွှေစက်တော်ခရီးစဉ်	(19 March , 2 April)
တောင်ကြီးခရီးစဉ်	(25March, 1April အဖြန်ခရီးစဉ်)
ဇလွန်ခရီးစဉ်	(27March ထပ်မံထွက်)

ဧ ရာ ဝ တီ ပြည့် ဆိုင် စု ဝ ဆိုင်
(**ဧ**ပြီ ... ဖုန်း ...)

ဧပြီလထုတ် ထွက်ပြီ

အမှတ်–၁၉၁(၁)/၁။ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ☎ ၂၅၂၂၈၀၂

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ကျွမ်းကျင်ဖြင့် ခန့်ထားရန်)

မုန့်ကုမ္ပဏီလီမိတက်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအား အလိုရှိပါသည်။

(၁) မန်နေဂျာ အမျိုးသား (၄)ဦး
(ကော့သောင်း သံတွဲ ရန်ကုန်)
အသက်(၃၅)နှစ်အထက်၊ ဘွဲ့ရရှိထားပြီး၊ ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စာ အရေးအပြော ကျွမ်းကျင်ပြီး၊ လုပ်ငန်းကို ဦးဆောင်နိုင်သူဖြစ်ရမည်။

(၂) ရုံးဝန်ထမ်း အမျိုးသား/အမျိုးသမီး (၈)ဦး
အသက်(၃၀)အောက်၊ ဘွဲ့ရရှိထားပြီး၊ ဆက်ဆံရေးပြေပြစ်သူ၊ အင်္ဂလိပ်စာ အရေးအပြော ကျွမ်းကျင်ပြီး၊ ကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်း အပြည့်အစုံတို့ဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်သည်။

မုန့်ကုမ္ပဏီလီမိတက်
အမှတ်(၁၃၇)၊ ဘုတ္တသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

အမရပူရမြို့နေ
ဦးစန်းဝင်း(ရွှေလရောင် သက်န်းတိုက်) ၊ ဒေါ်ခင်မမ (မြခွာညိုပိုးထည်တိုက်)
တို့၏သားငယ်

ဗိုလ်ကျော်သူရဝင်း (Second Year History) (တေဇ–၂၈)

နှင့်

ဗိုလ်မှူးချုပ် ကျော်သူ–ဒေါ်အေးအေးရီ
တို့၏သမီးကြီး

မသဇင်ကျော်သူ (Final Year Chemistry)

တို့၏ ၇–၃–၂၀၀၄ ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာစံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ ၂၉–၂–၂၀၀၄ ရက် နေအိမ်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်သော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော မိဘဆွေမျိုး၊ မိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မသရဖီကျော်သူ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးကြသော မမေသူဇာဝင်းနှင့် မခွာညိုလှိုင်ဝင်း၊ သတို့သားအရန်အဖြစ် ကူညီဆောင်ရွက်ပေးကြသော ဗိုလ်မျိုးဇော်အောင်နှင့် ဗိုလ်ကျော်ဝင်းဦး၊ သတို့သမီးအရန်အဖြစ် ကူညီဆောင်ရွက်ပေးကြသော မနီလာထွန်း၊ မအိအိခိုင်၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မိတ်ကပ်ဖြင့် အလှပြင်ပေးသောခင်စန်းဝင်း၊ လက်ဝတ်ရတနာများဆင်မြန်းပေးသော စိန်ပေါက်ပေါက် (မန္တလေး)၊ တီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေ တီးခတ်ပေးသော A 1 ဦးစိုးမြင့်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲ အောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြုကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကျော်သူရဝင်း–မသဇင်ကျော်သူ။

တောင်ငူ ရွှေမင်းဝင်ဝိပဿနာ အလုပ်ပေးတရားစခန်း

ရန်ကုန် မတ် ၁၁

တောင်ငူမြို့ ရွှေမင်းဝင် နိုင်ငံတကာဝိပဿနာ အလုပ်ပေးတရားစခန်းကို ဆရာတော်အရှင်အာဒိစ္စရံသီ၏ တပည့်များဖြစ်ကြသော ဦးပညာစက္က(ရွှေမင်းဝင်)၊ ဦးဇနက(ချောက်)တို့နှင့်အကျိုးဆောင်အဖွဲ့တို့ကဦးစီး၍ ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော်၆ရက် (ဧပြီ၁၀ရက်) မှစ၍ ကိုးရက်ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဦးမြင့်ရွှေ ဖုန်း–၀၅၄–၂၃၇၀၇၊ ၂၁၆၁၆ နှင့် ဦးတင့်လွင်၊ ဖုန်း–၀၅၄–၂၁၅၅၀တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

Summer English Courses
4-Ig skills - Quality Class
HELLO Language School
ph : 298586

Y.E.S.
MAR-15
Basic Spoken English MAR - 1,6,15,20,22,29
Pre-IntermeDiate English MAR - 15,20,22,29
Academic Writing Course MAR - 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(I), SAT(II), GFC, I.E
No.119, YWCA Building , Bogalayzay Street, Botataung TSP,
- 245821

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၄)ဖြင့် ရဲကျော်စွာဘွဲ့တံဆိပ်ချီးမြှင့်ခံရသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(တာချီလိတ်မြို့နယ်)အဖွဲ့ဝင် ရဲအုပ်တင်အေး (နေနွယ်မောင်)အား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်း၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။ (၄၂၀)

တရားရေးဆိုင်ရာ လမ်းညွှန်မှာကြားချက် စစ်ကိုင်းမြို့တွင် ထပ်ဆင့်ရှင်းလင်း

စစ်ကိုင်း မတ် ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို မတ် ၃ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ တိုင်းတရားရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ထပ်ဆင့်ရှင်းလင်းပွဲသို့ စစ်ကိုင်းတိုင်း တွဲဖက်တရားသူကြီး ဦးမျိုးမောင်၊ တိုင်းတရားရုံးမှ ဦးစီးအရာရှိများ၊စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များမှ တရားရေးဝန်ထမ်းများတက်ရောက်ကြပြီး တွဲဖက်တိုင်းတရားသူကြီး ဦးမျိုးမောင်က ရှင်းလင်းဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မဘိမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကွေ့ဘော်မ်ယော်နှင့် မြို့မိမြို့ဖဦးကျော်သိန်းတို့က ဖေဖော်ဝါရီ ၁၂ရက်က တိုက်ကုန်းရပ် မြိုင်မာလာကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးအာမခံ စုပေါင်းပေးအပ်ပွဲကျင်းပ

ညောင်ဦး မတ် ၃

ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းများက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် မီးအာမခံစုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ (မြို့နယ်)ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး သမဝါယမအသင်းများက ပေးအပ်သည့် မီးအာမခံထားသည့် ၁၃၇၁၉၉ ကျပ်၂၇ ပြားကို သမဝါယမ အသင်းများကိုယ်စား ဦးစီးမှူး ဦးဝင်းကိုက ပေးအပ်ရာ မြန်မာ့အာမခံလုပ်ငန်း၊ မြင်းခြံခရိုင်တာဝန်ခံ ဒေါ်ညိုညိုဟန်က လက်ခံရယူကြောင်း သိရသည်။ **(၃၀၀)**

ကျေးရွာများဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရပ်စောက် မတ် ၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်စောက်မြို့နယ်ရုံးဦးစီးမှူး ဦးထိန်လင်းနှင့် ဝန်ထမ်းများသည် မြို့နယ်ကျန်းမာရေးဦးစီးဌာန ကြီးကြပ်(၁)ဦးထွန်းရင်နှင့်အတူ ကျေးရွာများအရောက် ဖေဖော်ဝါရီ ၁၂ ရက် မှ ၁၇ ရက်အထိ ကွင်းဆင်းရာ မားသဲရွာ၊ မုံပြင်ရွာ၊ဝက်ကျခဲရွာ၊ ရေဦးရွာ၊ ဆင်တောင်ရွာနှင့် ငါးပင်ရွာများသို့သွားရောက်၍ ကျေးရွာဖွံ့ဖြိုးရေး၊ စာကြည့်တိုက်များဖွင့်လှစ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရေး ဟောပြောပွဲများ၊ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲများပြုလုပ်ပြီး စာသင်ကျောင်းများသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ညပိုင်းတွင် ပညာပေးဖျော်ဖြေရေးဓာတ်လမ်း ဗီဒီယိုပြသကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပန်းတနော်ရွှေမြင်တင်စေတီဘုရားပွဲတော်ကျင်းပ

ပန်းတနော် မတ် ၃

ပန်းတနော်မြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုကိုခံယူ၍ ဂေါပကအဖွဲ့မှ ၁၃၆၅ခုနှစ်၊ တပေါင်းလဆန်း ၈ရက်နေ့မှ လပြည့်နေ့ (ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်နေ့)အထိ အငြိမ့်၊ ရုပ်ရှင်၊ ဓာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဘုရားပွဲတော် ကျင်းပသည့် တပေါင်းလပြည့်နေ့တွင် ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်)မှ ဘုရားပွဲလာသူများအား စတုဒိသာကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။ (၃၂၇)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကို ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် တာဝန်ရှိသူများက လေထီး-ဝါးနက်ချောင်း ကတ္တရာလမ်း လမ်းဘေး ဝဲယာဂဝံသားဖြည့် လမ်းပခုံးကပ် ဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။(မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၂၃ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အဖွဲ့ တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများ ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက မြို့တွင်း အောင်စစ်သည်လမ်း ကျောက်ချောခင်းပြီးစီးမှုကို ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့သြဘာလုပ်ငန်းစုမှ ကြီးမှူးကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ဇလွန်မြို့ ဇလွန်ဂေါက်ကလပ်၌ ကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် ပထမဆုရရှိသွားသော ဦးအေးနိုင်အား မြန်မာ့သြဘာလုပ်ငန်းစုမှ ဦးမောင်မောင်အေးက ဆုချီးမြှင့်စဉ်။ (၁၂၈)

အမြို့မြို့ အနယ်နယ် သတင်းများ

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် ဒုလက်ထောက်အင်ဂျင်နီယာ ဒေါ်သီသီဝင်းတို့ ညောင်တုန်းမြို့ ရွှေလင်းယုန်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့်မိုးဟုတ်-ဝါးတောစွန်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ ငါးကြီးအိုင်တံတားတည်ဆောက်ပြီးစီးမှုတို့ကို မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (၀၉၈)

မိုင်းရယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံစရိတ်ထောက်ပံ့ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်ခင်က ဝတ်စုံစရိတ် ကျပ် ၅၇၆၀၀ ကို ဝန်ထမ်းများအား ပေးအပ်ချီးမြှင့်စဉ်။ (၁၉၂)

မြန်မာ့အသံ

၁၃-၃-၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့်သာမုဆွေးနွေးခန်း
၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရေး)
၁၁:၃၅ မေတို့ရေးရာဆွေးနွေးစရာ (တေးသံရှင်တင်တင်မြနှင့်ဆွေးနွေးခန်း)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၀၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇:၀၀ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၏ ဓမ္မပူဇာတေး)
၁၇:၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများ-ဦးဥာဏ်ထွန်း)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရေဒီယိုအသံလွှင့်ဓာတ်လမ်း (ဆွတ်ချူလှည့်ပါရွှေသဇင်)
၂၀:၃၀ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဆုရတေးများအစီအစဉ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်း ခံရသော ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ (နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ)နှင့် ဆရာတော်ဘဒ္ဒန္တ ပညာဒီပ(ကျိုက်ထီးဆောင်း ဆရာတော်)၊ မွန်ပြည်နယ် မြို့နယ်များမှဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၇ပါးနှင့် သီလရှင် နှစ်ပါးတို့အား မြို့နယ်များမှ စုပေါင်း၍ ချီးကျူး ပူဇော်သည့် အခမ်းအနားကို ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်း ဓမ္မာရုံ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ဆူကျင်းဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းခွင်အထက်ခွဲ ကျောင်းသုံးပစ္စည်းများနှင့်စာအုပ်များလှူဒါန်း

ရေစကြို မတ် ၃

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းဘက်စုံဖွံ့ဖြိုးမှု လုပ်ငန်းခွင် အစိုးရ အထက်တန်းကျောင်းခွဲ ကျန်စစ်သားခန်းမ၌ မတ် ၂ ရက်က ကျောင်းသုံးပစ္စည်းများနှင့် စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြသည်။

အခမ်းအနားတွင် နာယက ဆရာတော်ဘဒ္ဒန္တ ကုဿက (ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့်ဆိုင်သောဩဝါဒ များမိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ဘဒ္ဒန္တ ကုဿက ကျောင်းသုံး လက်နှိပ်စက်တစ်လုံးနှင့် ဌာနဆိုင်ရာရုံးသုံးတိုင်ကပ်နာရီများနှင့် အသုံးအဆောင် ပစ္စည်းများကို လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ် ၅၇၉ ဓမ္မာရုံလမ်းနေ (ဦးမြင့်သန်း)–ဒေါ်အေးပိုက်မိသားစု နှင့်သထုံလမ်း၊ တိုက်(၉)၊ အခန်း ၂နေ တွဲဖက်ပါမောက္ခ ဦးသာအောင်ကျော်– ဒေါ်ခင်သန်းမြင့် မိသားစုက ကျောင်းစာကြည့်တိုက် အတွက် အကျိုးပြုစာအုပ်များ၊ မဂ္ဂဇင်း များ ၂၇၀အုပ်တို့ကို အလှူရှင်များ ကိုယ်စား မြို့နယ်ဥက္ကဋ္ဌကလည်း ကောင်း၊ ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နာယကဆရာတော်က ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို ဝန်ထမ်းများနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များအား စာရေးတံမဲများ လှူဒါန်းကြကြောင်း သိရသည်။ (က–ပ)

မြို့လှတွဲဖက်အထက အတွက် သင်ထောက်ကူပစ္စည်းနှင့်ငွေလှူ

ရမည်းသင်း မတ် ၃

ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ အုပ်စု မြို့လှရွာ အခြေခံပညာအထက် တန်းကျောင်းခွဲသို့ ဖေဖော်ဝါရီ ၇ရက်က အလှူရှင် ဦးတော်မျိုးဦး(ခ) ကိုဘယ်ကြီးနှင့်ဇနီး မဖော်လှထုပေါ် တို့က သင်ကြားမှု၊ သင်ယူမှုအထောက် အကူပြုစာသင်ခန်းအတွက် အောက် စက်တစ်လုံးနှင့် ငွေကျပ် တစ်သိန်း ငါးသောင်းကို ကျေးရွာဥက္ကဋ္ဌ ဦးဝင်းအောင်အား အဆိုပါ ကျောင်းခန်းမ တွင်ပေးအပ်လှူဒါန်းသည်။ (က–ပ)

ရေးမြို့နယ် တောင်ပိုင်း ခေါစာကျေးရွာ စာကြည့်တိုက်အတွက် မတ် ၁ရက်က ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းက စာနယ်ဇင်းများ ပေးအပ်လှူဒါန်းရာ ကျေးရွာကျောင်းအုပ်ဆရာကြီး ဦးချမ်းလဝီနှင့် ဦးတင်ဦးတို့က လက်ခံ ရယူကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားပွဲကျင်းပမည်

တာချီလိတ် မတ် ၁၁

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း(၁၁)ကြိမ်မြောက် ၁၀ရက် တရားစခန်းပွဲကို တာချီလိတ်မြို့ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ ၃၄ ဓမ္မရိပ်သာကြီးတွင် မတ် ၁၅ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက ဆရာတော် အပြည်ပြည် ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခ မဟာဌာနမှူး ကျိုက္ကလော့ဆရာတော် ဒေါက်တာ စန္ဒာဝရာဘိဝံသ ပထမ ကျော်၊ သာသနဓဇဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ၊ စေတီယင်္ဂဏ ဓမ္မာစရိယ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ MA (သီရိလင်္ကာ) Ph. D (အိန္ဒိယ) အရှင်သူမြတ်က ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဗုဒ္ဓပူဇနိယနှင့် ထီးတော်တင်လှူပွဲကျင်းပ

နွားထိုးကြီး မတ် ၄

နွားထိုးကြီးမြို့နယ်မျက်ရှုကျေးရွာ အုပ်စု မျက်ရှုကျေးရွာရှိ ရှေးဟောင်း စေတီတော်ကျောင်းကြီးကုန်း မြတ်စွာ ဘုရား (၃၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် ထီးတော်တင် မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသည်။

ရွှေမိုး ငွေမိုး

ရှေးဦးစွာ ကျောင်းပေါင်း ၂၈ ကျောင်းမှ ဆရာတော် သံဃာတော် ၁၃၉ ပါးတို့အား ကျေးရွာပေါင်း ၁၅ ရွာမှ ဒေသခံကျေးလက်ပြည်သူများက ဒေသထွက်ပစ္စည်းများနှင့် ဆွမ်းခဲဖွယ် များလောင်းလှူကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူးဦးကျော်နိုင်ထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် တို့ကို သံဃာတော်များကို ဆက်ကပ်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး ရွှေမိုး ငွေမိုးရွာသွန်းဖြိုးကြသည်။

ရေစက်ချ

ကျောင်းကြီးကုန်း မြတ်စွာဘုရား တန်ဆောင်းအတွင်း ဆရာတော်ကြီး များထံ ငါးပါးသီလခံယူဆောက်တည် ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကာ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ပျော်ပွဲရွှင်ပွဲများ၊ ဈေးဆိုင် တန်းများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ (၂၁၃)

မတ် ၂၇ရက်က တွံတေးမြို့နယ် တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသော ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ လုပ်ငန်းရှင်းလင်းသည့် အခမ်းအနားတွင် အသင်းဝင် ၁၁၅ဦး အဆိုပြုလွှာကို တွံတေးမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေနှင့် မြို့နယ်ဥက္ကဋ္ဌ၏ဇနီး ဒေါ်သင်းသင်းတို့က ပေးအပ်ကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့နာယက ဒေါ်မြတ်သင်းရှိန်းနှင့်ဥက္ကဋ္ဌ ဒေါ်လှဲလှဲချစ်တို့က လက်ခံရယူကြစဉ်။ (၃၈၀)

စာကြည့်တိုက် သုံးနှစ်ပြည့် အထိမ်းအမှတ်စာပေဟောပြော

ဖျာပုံ မတ် ၄

ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာ ဥာဏ်ရောင်စွမ်းရည် စာကြည့်တိုက် သုံးနှစ်ပြည့်အထိမ်းအမှတ် စာပေ ဟောပြောပွဲအခမ်းအနားကို ဖေဖော် ဝါရီ ၂၃ ရက်က တင်ပုလွဲကျေးရွာ အောင်မြေသာစည်ကျောင်းတိုက်ဝင်း၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် တင်ပုလွဲ ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးစိုးတင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း မြို့နယ်အမှုဆောင် ဦးကျော် ထွန်း၊ ခရိုင်ပြန် ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးအရာရှိဦးအေးကြူနှင့် ဦးရာဇိန္ဒ (မောင်မင်းစိုး ရွှေနံ့သာ) တို့က အမှာစကား ပြောကြားပြီး စာရေးဆရာ ကာတွန်း မြေဇာ၊ ကောက်နွယ် (ကနောင်)နှင့် ဆောင်း ဝင်းလတ်တို့က စာပေရေးရာများ ဟောပြောကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက် ရှိသည့် ဂုံမင်း–တူးချောင်း–ပျဉ်တုံးကြီး မြေသာလမ်းဖောက်လုပ်မှုနှင့် ဒေါင့်ကြီး–တောကျောင်းလမ်းကျောက်ခင်းလမ်းနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၂၅ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်အား အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ရှင်းလင်းပြသကြစဉ်။ (၃၂၇)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၅–၃–၂၀၀၄ (တနင်္လာနေ့)

- ❑ Introduction to Plant Biotechnology
  - ပထမနှစ် မဟာသိပ္ပံအထိ (ရုက္ခဗေဒအထူးပြုကျောင်းသူ ကျောင်းသားများ)
- ❑ မြန်မာ့ရတနာ ပတ္တမြားနီလာ၏ ဘူမိဗေဒ
  - ဘူမိဗေဒအထူးပြု မဟာတန်းများ

၁၆–၃–၂၀၀၄ (အင်္ဂါနေ့)

- ❑ Angiospermae
  - ဒုနှစ်ရုက္ခ၊ တနှစ်သတ္တ ကျောင်းသူ ကျောင်းသားများ
- ❑ Heterocyclic Compounds and Alkaloids
  - တတိယနှစ်ဓာတုဗေဒ ကျောင်းသူ ကျောင်းသားများ
- ❑ Forms of Condensation
  - ပထဝီဝင်နှင့်အခြားသိပ္ပံ ကျောင်းသူ ကျောင်းသားများ

၁၇–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Economics (1)
  - ပနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ Poetry
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသူ ကျောင်းသားများ

၁၈–၃–၂၀၀၄ (ကြာသပတေးနေ့)

- ❑ Poetry
  - ဒုတိယနှစ်အင်္ဂလိပ်စာ အထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ Conditional/ If Patterns Physics
  - တတိယနှစ်အင်္ဂလိပ်စာ အထူးပြုကျောင်းသူ ကျောင်းသားများ

၁၉–၃–၂၀၀၄ (သောကြာနေ့)

- ❑ National Unification of Myanmar by Alungmintaya
  - တတိယနှစ်သမိုင်း အထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ Introduction to the Study of Law
  - ပထမနှစ်ဥပဒေအထူးပြုကျောင်းသူ ကျောင်းသားများ
- ❑ Continuous Functions
  - တတိယနှစ်သင်္ချာအထူးပြုကျောင်းသူ ကျောင်းသားများ

၂၀–၃–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၂၁–၃–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ဆေးခြောက်ဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၁၁

ပဲခူးတိုင်း ဖြူးမြို့နယ် ဇေယျဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် သတင်းအရ ဇေယျဝတီမြို့ အောင်မင်္ဂလာ ၁ လမ်းနေ ဇော်လွင်၏ နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်ခေါင်းရင်းရှိ ဝါးနီးတောင်းအတွင်းမှ ဆေးခြောက် ၁ဒသမ၀၇၇၇၅ ကီလိုဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဇေယျဝတီမြို့ အောင်မင်္ဂလာလမ်းနေ ဦးလှမြင့်၏သား ဇော်လွင်အား ဇေယျဝတီရဲစခန်းက မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက်အမှတ် ၄/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

အမှုကို တောင်ငူခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် တရားရုံးက တရားခံဇော်လွင်အား မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၅နှစ်၊ မူးယစ်ဆေးဝါး သုံးစွဲမှုပုဒ်မ ၁၅ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ် သီးခြားစီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိန်ရတုမွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

ချစ်ပါပါ ဦးသာကျော် (ကျောင်းအုပ်ဆရာကြီးဟောင်း)၏ ၅-၃-၂၀၀၄ ရက် (တပေါင်းလပြည့်နေ့)တွင် ကျရောက်သော (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး – ဒေါ်သုဇာအေး (Thuza Ent)

ချစ်သားကြီး – ရဲထွန်းကျော်–ခင်သန္တာဝင်း(အဋ္ဌနကုမ္ပဏီ)

ချစ်သမီး – သီရိစုဝေကျော် (Thuza Jewell)

ချစ်သားငယ် – ရဲမြကျော်(အိုအေစစ်ရေခဲစက်)

TRAVEL SERVICE

(၁) မှတ်ချွေး – HOTEL **

(၂) ချောင်းသာ – HOTEL MAX

PHOENIX BEAUTY CENTRE

FACIAL, HAIR & BODY TREATMENT

၂၀%

MiCasa Hotel, Level (1) Kaba Aye Pagoda Road.

Tel : 650933, Ext - 173

ဇေယျာသန္တာ

၅ နှစ်မြောက် အုပ် ၁၀၀ ပြည့်ပြဲ

ဂန္တဝင်မြောက်ပန်းချီလက်ရာကောင်းများကို စုစည်းခင်းကျင်းပြသလိုလျှင် ဆက်သွယ်ရန်

Myanmar Cherry Pan Travels

5 th Floor, Sakura Tower

Tel : 255255

အမြန်အလိုရှိသည်

တနင်္သာရီတိုင်း၊ ယုဇန ဆီအုန်းစိုက်ပျိုးရေး တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

၁။ M.B.B.S (လစာကောင်းမည်) (၅)ဦး

၂။ လက်ထောက်ကျန်းမာရေးမှူး (H.A) (၅)ဦး

၃။ သူနာပြု (၅)ဦး

၄။ စိုက်ပျိုးရေးတာဝန်ခံ ကျား (၁၅)ဦး

B.Ag/Dip.Ag ...

၅။ စိုက်ပျိုးရေးခြံလုပ်သား (၁၀၀)ဦး

၆။ ယန္တရားမောင်း (စက်ကြီးမောင်း) (၁၅)ဦး

၇။ ယာဉ်မောင်း (ယာဉ်ငယ်၊ Truck) (၁၅)ဦး

လျှောက်လွှာများကို ... (ပြည်တွင်း၌သာခန့်ထားရန်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်၊ မြန်မာကျပ်ငွေဖြင့်)

၁။ လက်ထောက်စာရင်းကိုင် ကျား/မ(၃)ဦး
(B.Com,C.P.A,LCCI (သို့မဟုတ်) DAဘွဲ့ရ
(ဘဏ်လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်)

၂။ ဆေးဝါးအရောင်းဝန်ထမ်း(ဘွဲ့ရ) ကျား/မ(၅)ဦး
(အရောင်းအတွေ့အကြုံရှိသူ)

၃။ Medical Representative (ဘွဲ့ရ) ကျား/မ(၄)ဦး
(လုပ်ငန်းအတွေ့အကြုံရှိသူ)

၄။ နယ်အရောင်းဝန်ထမ်း(ဘွဲ့ရ) ကျား/မ(၁၀)ဦး
(မြိတ်၊ပုသိမ်၊တောင်ငူ၊ပြည်၊မကွေး၊ မြစ်ကြီးနား၊ကသာ၊ လားရှိုး၊ပခုက္ကူ၊တောင်ကြီး)

၅။ စတိုတာဝန်ခံ(ဘွဲ့ရ) ကျား/မ(၁)ဦး

၆။ သန့်ရှင်းရေးဝန်ထမ်း မ (၂)ဦး

လျှောက်ထားသူများသည်အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။

လစာနှုန်းကို မိမိ၏လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ ညှိနှိုင်းပေးမည်။ နယ်အရောင်းဝန်ထမ်းတွင် ဒေသခံများသာလျှောက်ထားရန် လိုအပ်သည်။ သတ်မှတ်ထားသည့်အရောင်းစံချိန် ပြည့်မီအောင်ရောင်းနိုင်ရမည်။ လိုအပ်လျှင် နီးစပ်သောမြို့များသို့ သွားရောက်ရောင်းချနိုင်ရမည်။

(လျှောက်ထားသူများသည် ကိုယ်ရေးအချက်အလက်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ လိုင်စင်ဓာတ်ပုံ တစ်ပုံနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

Medi Power Co.,Ltd.

တိုက် ၁၀၊ အခန်း ၇၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာအနီး ရန်ကုန်မြို့။

ဖုန်း–၂၉၉၁၉၄၊ ၂၀၀ ၇၆၇– ext ၇၂၂၉

နို့နှစ်လုံးဖိုးလုံးကျေပါတယ်

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. Engineer
BE (Mechanical) / AGTI (Mechanical)

2. Marketing Executive

3. Driver

Red Rose Tissues & Princess Feminine Napkins.
No.(B)1/2,U Wisara Road, North Dagon Industrial Zone, Yangon.

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အောင်ဆန်းဦး ၁၂/လမန(နိုင်) ၁၂၇၁၃၆ သည် မိဘစကားနားမထောင်ဘဲ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

မိခင်–ဒေါ်စန်းစန်းတင့်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် **မောင်လှစိုး** (C.D.C-39296)သည် (J/E Fit, BST,PSC/RB, AFF, FIRST AID, TANKER) စသည့် ရေကြောင်းဆိုင်ရာ လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

မောင်လှစိုး(ဖုန်း–၀၅၆–၂၁၁၀၂)

ကမ်းခြေသကြင်္န်

(၁၁–၄–၂၀၀၄)ည ထွက်မည်

(ကား၊ စား၊ တည်း)

ငပလီကမ်းသာယာ (၅)ရက် ၃၆၀၀၀ိ/
ချောင်းသာ၊ ငပလီ(၆)ရက် ၄၃၀၀၀ိ/
ချောင်းသာ (၃)ရက် ၃၀၀၀၀ိ/
ငွေဆောင် (၃)ရက် ၃၄၀၀၀ိ/
ချောင်းသာ၊ငွေဆောင် (၅)ရက် ၄၂၀၀၀ိ/

ဖုန်း–၀၁–၂၀၁၃၀၀၊၂၀၃၅၇၀
၁၅၀၊အနော်ရထာလမ်း၊(၄၇)လမ်းထိပ်၊ ရန်ကုန်

အခန်းငှားမည်

သီရိမင်္ဂလာဈေးအနီး

ဖုန်း–၇၀၄၄၀၈

မိဘအမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း ပဉ္စမတန်း (ဈ)မှ မောင်မျိုးမြင့်ထက်ကျော်၏ မိဘအမည်မှန်မှာ ဦးမျိုးလှိုင်–ဒေါ်ခင်ငွေးဝင်း ဖြစ်ပါကြောင်း။

ရေစကြိုမြို့မှ ဦးအောင်သန်း၊ ဒေါ်ခင်သန်းဦးတို့၏ ကံပွင့်နံ့သာအမွှေးတိုင်လုပ်ငန်း ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တုပပြုလုပ်ပြီး အမွှေးတိုင်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူများအား ထိရောက်စွာ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာချက်

ချိပ်ပိတ်တင်ဒါ ကြော်ငြာ

စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ဂေါပကအဖွဲ့ရုံး

လုပ်ငန်းအမည် – ခေတ်ပုံရိုက်လုပ်ငန်း
တင်ဒါစသွင်းရမည့်ရက် – ၁၂-၃-၂၀၀၄
တင်ဒါပိတ်ရက် – ၂၂-၃-၂၀၀၄ (၁၀:၀၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ – စွယ်တော်မြတ်စေတီတော် (ရန်ကုန်)

တင်ဒါနှင့်ပတ်သက်သောပုံစံနှင့်စည်းကမ်းများကို ဤဂေါပကအဖွဲ့ရုံးတွင် လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၁-၆၅၀၄၈၄နှင့် ၀၁-၆၆၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းပြီး တင်သွင်းနိုင်ပါသည်။

ဂေါပကအဖွဲ့

တရားရုံးချုပ်၊ ညွှန်ကြားရေးမှူး **ဦးထင်ဇော်** ၏

တရားမ လက်တွေ့အသုံးချ မှတ်စုများ (၆) ထွက်ပြီ။

ဖြန့်ချိရေး၊ ဖိုး၀ဥပဒေစာပေ၊ ပန်းဆိုးတန်းလမ်း၊ ဖုန်း ၇၂၁၈၂၄



ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်မြ-ဒေါ်သန်းသန်းနွဲ့တို့၏မိခင်ကြီး ဒေါ်မြသင် (သုံးခွ) အသက်(၉၀)သည် ၄-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျုံမငေးမြို့၊ အုန်းပင်ဘက်၊ မဟာသကျမုနိဘုရားကြီး ဂေါပကအဖွဲ့မိသားစု။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ယ/၃၅၄၇၁ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး (ကျိုင်းတုံ)သို့ ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)

ဖခင်အမည်မှန်

အထက (၃) ကျိုင်းတုံ ပဉ္စမတန်း(က)မှ မနာရီခါးနှင့် စတုတ္ထတန်း(က)မှ မနာရုံခါးတို့၏ ဖခင်အမည်မှန်မှာ ဦးစောတေ ဖြစ်ပါကြောင်း။

အားကစားဝန်ကြီးဌာန

အားကစားနှင့်ကာယပညာဦးစီးဌာန

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်/မန္တလေး)

အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့်

အားကစားလေ့ကျင့်ရေးသင်တန်း သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ ဇွန်လမှစတင်၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်၊ကျိုက္ကဆံကွင်း)နှင့်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေးမြို့)တို့တွင် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများကိုတက်ရောက်ရန် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၆-၂၀၀၄)တွင် အခြေခံပညာအလယ်တန်းအတွက် အသက်(၁၅)နှစ်ထက် မကြီးသူ၊ အခြေခံပညာအထက်တန်းအတွက် အသက်(၁၇)နှစ်ထက်မကြီးသူဖြစ်ရမည်။ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်း တက်ရောက်လိုသူများအတွက် သတ်မှတ်ချိန်အတိုင်း အားကစားလေ့ကျင့်ပြီး သတ္တမတန်းမှဒသမတန်းအထိ ပညာသင်ကြားပေးမည်ဖြစ်ပါသည်။

(ဂ) အားကစားလေ့ကျင့်ရေး သင်တန်းအတွက် ပညာသင်ကြားရေးမပါ အားကစားလေ့ကျင့်ရေး သီးသန့်ဖြစ်ပြီး အလယ်တန်းပညာအဆင့်ရှိ၍ (၁-၆-၂၀၀၄) တွင် အသက် (၁၆)နှစ်မှ (၂၀)နှစ်အတွင်းရှိသူ၊ အနည်းဆုံး အရပ် ၅ပေ၊ ၆လက်မနှင့်ကိုယ်အလေးချိန် ၁၁၀ပေါင်ရှိသူ၊ အနည်းဆုံးသက်တန်းအလိုက် ပြည်နယ်၊ တိုင်းအဆင့်ထိ ကစားဖူးသူများဖြစ်ရမည်။(အားကစားထူးချွန်လျှင် အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားမည်။)

၂။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊ ကျိုက္ကဆံကွင်း)အတွက်

(က) လေ့ကျင့်ပေးမည့်- အားကစားနည်းများ – ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ ရေကူး၊အလေးမ၊ ကျွမ်းဘား၊ လက်ဝှေ့၊ ဂျူဒို၊ မြားပစ်၊ ဝူရှူး၊ ကြက်တောင်၊ တိုက်ကွမ်ဒို၊ သိုင်း၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း(၁၄)မျိုး၊ (လက်ဝှေ့မှအပ ကျား၊မ လျှောက်ထားနိုင်သည်)

(ခ) အကျုံးဝင်သောနေထိုင်ရာ- ပြည်နယ်နှင့်တိုင်းများ – ကယား၊ကရင်၊တနင်္သာရီ၊ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့်ဧရာဝတီ

မှတ်ချက်။ ။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တွင် လေ့ကျင့် သင်ကြားပေးခြင်းမရှိသော မြားပစ်၊ရေကူး၊ကြက်တောင်၊ဂျူဒို၊ တိုက်ကွမ်ဒို၊ သိုင်းအားကစားနည်း ခြောက်မျိုးအတွက် ပြည်နယ်၊တိုင်းအားလုံးမှ လျှောက်ထားနိုင်ပါသည်။

၃။ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)အတွက်

(က) လေ့ကျင့်ပေးမည့်- အားကစားနည်းများ – ဘောလုံး၊ဘော်လီဘော၊ ပြေးခုန်ပစ်၊ လက်ဝှေ့၊အလေးမ၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ အားကစားနည်း ရှစ်မျိုး (လက်ဝှေ့မှအပ ကျား၊ မ လျှောက်ထားနိုင်သည်။)

(ခ) အကျုံးဝင်သောနေထိုင်ရာ- ပြည်နယ်နှင့်တိုင်းများ – ကချင်၊ချင်း၊စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း)

၄။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခြင်းခံရပါက နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာသင်ကြားရေး၊ အားကစားလေ့ကျင့်ရေး၊ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ရေး၊ အပန်းဖြေမှုနှင့် လစဉ်ထောက်ပံ့ကြေးငွေများကို နိုင်ငံတော်မှစီစဉ်ပေးမည်။

၅။ လျှောက်ထားသည့် အားကစားနည်းအလိုက် လိုအပ်သည့်အရပ်အမောင်းနှင့် ကိုယ်အလေးချိန်၊ ခန္ဓာကိုယ်အချိုးအစား ကိုက်ညီသူများကို ဦးစားပေးရွေးချယ်မည်။

၆။ လျှောက်ထားသည့် အားကစားနည်းအလိုက် အားကစားအဆင့်နှင့် ကျွမ်းကျင်မှုကို စစ်ဆေးခံရမည့်အပြင် ကြံ့ခိုင်စွမ်းရည်စစ်ဆေးချက် (၅)ရပ်(ကျား/မ မီတာ (၁၀၀) အပြေး၊ လက်ထောက်တွန်းတင်၊ အိပ်ထမတင်၊ ရပ်လျက်အလျားခုန်၊ ကျားမီတာ (၈၀၀)၊မမီတာ (၄၀၀) အပြေး)ကို လျှောက်ထားသူတိုင်းစစ်ဆေးခံယူပြီး သတ်မှတ်အဆင့်မီသူများသာ ရွေးချယ်ခြင်းခံကြရမည်။

၇။ သင်တန်းသည် ရေရှည်အစီအစဉ်ဖြစ်သဖြင့် ရွေးချယ်ခံရသူသည် သတ်မှတ်ကာလပြီးဆုံးသည်အထိ တစ်ဆက်တည်း တက်ရောက်နိုင်သူဖြစ်ရမည့်အပြင် သတ်မှတ်ကာလအတွင်း အားကစားအရည်အချင်း တိုးတက်မှုမရှိ၊ ကြိုးစားအားထုတ်မှုမရှိ၊ စည်းကမ်းလိုက်နာမှုမရှိလျှင် သင်တန်းမှရပ်စဲခြင်းခံရမည်။

၈။ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများတွင် ရယူနိုင်ပါသည်။

၉။ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊မန္တလေး) များမှ ကျန်းမာရေးဆေးစစ်ဆေးမှု မအောင်မြင်ခြင်း၊အားကစားတိုးတက်မှု အဆင့်မမီခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်းတို့ကြောင့် ပြန်လည်စေလွှတ်ခြင်းခံရပြီးသူများ လျှောက်ထားရန် မလိုပါ။

၁၀။ လျှောက်လွှာနှင့်အတူ-

(က) အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက်

(ကက) ပညာအရည်အချင်းနှင့်အသက်အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံစာ၊ (အထောက်အထားမပြည့်စုံပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)

(ခခ) အားကစားထူးချွန်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးမှ ဦးစီးအရာရှိ၏ ထောက်ခံစာနှင့်အတူ သင်တန်းဝင်ခွင့် လျှောက်လွှာ ပုံစံများအားဖြည့်စွက်၍ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအား/ကာ ဦးစီးဌာနရုံးများသို့ ၂၀၀၄ခုနှစ်၊ မတ်လ၂၄ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပေးပို့ရမည်။

(ခ) အားကစားလေ့ကျင့်ရေးသင်တန်းအတွက်-

(ကက) အသက်အတွက် မွေးစာရင်း/အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါ အသက်အထောက်အထားများပြသနိုင်ရမည်။

(ခခ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများ၏ ထောက်ခံချက်ပါရှိရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) တယ်လီဖုန်းအမှတ်-၅၅၄၇၂၁၊ ၅၅၄၂၃၂ နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၇၃၃၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**

မိဘအမည်မှန်

အ-ထ-က(၄)တောင်ငူ နဝမတန်း(ခ)မှ မောင်စောနေဒါကပေါ်နှင့် ဆဋ္ဌမတန်း(ဃ)မှ မနော်ဖောကပြူတို့၏ မိဘအမည်မှန်မှာ ဦးစောတာမလာထူးနှင့် ဒေါ်နော်မူရဲဖြစ်ပါသည်။

အများသိစေရန်

အပ္ပဒူဇော်လီ (ခ) ဘဂျား၏ သားဖြစ်သူ မာမက်အလီ (ခ) ကိုနိုင်(ခ) အောင်အောင်သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း သိစေအပ်ပါသည်။

ကိုမောင်မြင့်(ခ) အပ္ပဒူရာမာန်
တိုက် ၅၊ အမှတ် ၅၀၄၊
၉ ရပ်ကွက်၊ လှိုင်သီရိအိမ်ရာ၊
လှိုင်မြို့နယ်

အများသိစေရန်

ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် တိုက်(၃) အခန်း(၄၀၂) ၁လမ်း စတုတ္ထထပ် ဦးမိုးကျော်သူ ၁၂/မရက(နိုင်)၀၈၁၆၉၀အမည်ဖြင့်ဝယ်ယူထားသော အခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် ၎င်းအမည်ဖြင့် စာချုပ်ချုပ်ဆိုခြင်းကို ကန့်ကွက်လိုသူများရှိပါက တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-

ယုဇနစင်တာ
အမှတ် (၁၃၀) တတိယထပ်
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်
ဖုန်း-၅၄၀၇၄၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၁၃၉၇၉၊ယ/၅၇၃၆၄၊ ဆ/၉၄၉၉၊ ဆ/၉၁၅၁ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ပခုက္ကူ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ (ပခုက္ကူ)**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်ကျော်ကျော်ထွင် (ပထဝီအထူးပြု-ဒုတိယနှစ်)သည် မိဘစကားမနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးစိန်ထွင်
၁၂/သဃက (နိုင်)၁၃၂၈၀၀

ဘုရား၊ရဟန်း၊ကျောင်း၊ကန်ဒါယကာ သာသနာပြုဒါယကာကြီး
ကျမ်းပြုစာရေးဆရာကြီး မဇ္ဈိမစရိယ
သဒ္ဓမ္မဇောတိကဓဇ ဦးငွေးလှိုင်
သာသနာရေးဝန်ကြီးဌာနအကြံပေးပညာရှင်(ငြိမ်း)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဂေါ်ပကအဖွဲ့ဝင်(ငြိမ်း)
အသက်(၇၃)နှစ်

မဟာကမ္မဋ္ဌာနာစရိယ မောင်ဆောင်မြေ တောရ ဆရာတော်ကြီး၏ ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ် ၁၉/စ နေ ဒေါ်ကြင်မြင့် (ဗုဒ္ဓအသံစာပေ)၏ခင်ပွန်း၊ မမိခိုင်၊ မမိခိုင်လိုင်၊ မောင်ပြည့်ကျော်စိုး၊ မောင်မျှုကျော်စိုး-မဝေမော်-တို့၏ဖခင်၊ မြစ့်ဇာကရီ ကျော်စိုး၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁:၂၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

လိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း
ဒေါ်တင်တင်ညွန့် (Anna)
ကျောင်းဆရာမ (ငြိမ်း)
အထက(၃)ကြည့်မြင်တိုင်
အသက်(၇၂)နှစ်

ကျွန်တော် ကျွန်မတို့၏ မိခင်ကြီး ဒေါ်တင်တင်ညွန့် မကျန်းမာစဉ်ကာလတစ်လျှောက်လုံး အစဉ်တစိုက် ကူညီစောင့်ရှောက်ပေးခဲ့သော အဘ ဦးတင်လှိုင်- အန်တီဒေါ်ခင်လှလှ မိသားစု၊ ဆေးဝါးကုသစောင့်ရှောက်ပေးခဲ့သော ကျန်းမာရေးဝန်ကြီးဌာနနှင့်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ ပါမောက္ခ တွဲဖက်ပါမောက္ခနှင့် ဆရာဝန် ဆရာမများ၊ ဈာပနကိစ္စတွင် လိုလေသေးမရှိ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနများ၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ကြသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိသားစုဝင်များ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လှူဒါန်းဖွယ်ရာဝတ္ထုပစ္စည်းများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း ပေးပို့ကြသူများနှင့်တကွ ကျေးဇူးတင်ထိုက်သူများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး
ဦးဘိုကြီး (ပင်းဘော)
တောအုပ်ကြီး(ငြိမ်း)
အသက်(၈၇)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ပင်းဘောတိုက်နယ်၊အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ် ၁ နေ (ဦးသိန်းမောင်-ဒေါ်လှမယ်)တို့၏သား၊ (ဦးရွှေအုပ်-ဒေါ်ဖွားရှင်)တို့၏သားသမက်၊ [ဦးစံသိန်း(ခ)ဦးအိုင်နာ]-ဒေါ်စမ်းစမ်းဖေ (ကျောင်းအုပ်ဆရာမကြီး၊အထက-၁၀၊ မန္တလေး၊ အောင်မြေသာစံ)၊ [ဦးသန်းမြင့်(ခ)ဦးအိုက်နီ-ဒေါ်ထုလုံ]၊ (ဦးအိုက်ရှံ)၊ ဦးခင်မောင်သန်း (Air Man)-ဒေါ်မြင့်မြင့်စိန်၊(ဦးမျိုးဝင်းဆွေ)၊ဦးအောင်မြတ်သူ-ဒေါ်အားရာ၊ ဦးတိုးတိုး-ဒေါ်ခင်မြင့်သိန်းတို့၏ဖခင်၊(ဦးစိုး)-ဒေါ်ထွေးတင်(ဆားမော်)၊(ဦးသိန်းအောင်၊မတဆ၊ငြိမ်း)-ဒေါ်ဦး၊ (ဦးဘသောင်း၊ ဒိုင်မှူး)-ဒေါ်အောင်မေ(လုံးတုံ)၊(ဦးကျော်သန်း)-ဒေါ်စိန်စိန် (မြစ်ကြီးနား တက္ကသိုလ်)၊ ဦးတင်အောင်သန်း (သစ်တော၊ ငြိမ်း) တို့၏အစ်ကိုကြီး၊ မြေး ၁၇ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၀-၃-၂၀၀၄ရက် ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်တွင် ပင်းဘောသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

အန္တိမအဂ္ဂိရှာပနပူဇာသဘင်
ဘဒ္ဒန္တ ဉာဏမဟာထေရ်
(အုပ်စုပဝါရဏာဂိုဏ်းချုပ်ဆရာတော်)
သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ

ကော့ကရိတ်မြို့နယ်၊ မင်းရွာကျောင်းတိုက်၏ ဦးစီးပဓာနနာယက အုပ်စုပဝါရဏာ ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တ ဉာဏမဟာထေရ် ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (၁-၂-၂၀၀၄ရက်) ကြာသပတေးနေ့ နံနက် ၉:၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက်(၁-၄-၂၀၀၄ရက်) ကြာသပတေးနေ့ ည ၁၂ နာရီတွင် အန္တိမအဂ္ဂိရှာပန သာဓုကာဠ်ပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။
တပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ၊မင်းရွာကျေးရွာ။

ဒေါ်တင်မအေး (မုံရွာ)
ရန်ကုန်ပညာရေးကောလိပ်(ရန်ကင်း)
ဌာနမှူး(ငြိမ်း)
အသက်(၆၆)နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်းနေ (ဦးမြမောင်-ဒေါ်တောလေး)တို့၏သမီး၊ ကိုစိုးသန်း-မခင်မေစီ(ဇမ္ဗူပြဟသ်ာသက်န်းတိုက်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ စက်မှု ၁ လမ်း၊ တိုက် ၃၅၄၊ အခန်း ၄ နေ ဆရာမကြီး ဒေါ်တင်မအေးသည် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိန်းအောင်(ခ)လင်ဟွာအမ်း
လပွတ္တာအသင်းဝင်
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် ၂၅၊ ဓမ္မာရုံလမ်း၊ လှိုင်မြို့နယ်နေ ဒေါ်ဟိုင်လင်း၏ခင်ပွန်း၊ ဦးပြန့်မင်း-ဒေါ်ရှဲပင်၊ ဦးအောင်မင်း(Managing Director-First Top Co.,Ltd.)- ဒေါ်ခင်လေးနိုင်၊ ဒေါ်ညွန့်ရီ-ဦးမြင့်အေး(P.M.E Co.,Ltd.)၊ ဒေါ်ယုယုခင်-ဦးဝင်းမြင့်၊ ဦးစိန်မင်း(Director-First Top Co.,Ltd.)-ဒေါ်စန်းစန်းညွန့်၊ ဦးဝင်းဇော်(Managing Director-Gold Yacht Co.,Ltd.)-ဒေါ်အေးအေးမြင့်၊ ဦးရန်မင်း(Director-First Top Co.,Ltd.)-ဒေါက်တာမိုးစန္ဒာမြင့်တို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ညွန့်မေ (မော်လမြိုင်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၅၂(က)၊ ကိုးမိုင်နေ (ဦးချန်ထွန်း-ဒေါ်ငွေတင်) တို့၏သမီးကြီး၊ (ဦးမြသိန်း-ဒေါ်လှမေ) တို့၏သမီးချွေးမ၊ ဦးကျော်ညွန့်၏ဇနီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့၊ တပ်ဦးကျောင်းတိုက် အရှင်စန္ဒိမာ၏ရဟန်းအမမယ်တော်ကြီး၊ ဦးမျိုးမင်း-ဒေါ်နီလာမြင့်၊ ဦးခင်မောင်ချို၊ ဦးစည်သူထွန်း - ဒေါ်ရွှေရည်ဝင်း၊ ဦးအောင်လင်းမြင့်-ဒေါ်ကေသွယ်ဝင်း မောင်၊ ဦးကျော်ခင်-ဒေါ်အေးယုနွယ် တို့၏မိခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇:၅၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းနှင့်ကိုးမိုင် နေအိမ်များမှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောဖေသိန်း (ဟုမ္မလင်းမြို့)
ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)
အသက်(၇၆)နှစ်

ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းရွာနေ (ဦးဘိုးအို-ဒေါ်ကွန်း)တို့၏ သား၊ ဟုမ္မလင်းမြို့၊ ပြည်တော်သာလမ်း၊ ဟုမ္မလင်းရပ်ကွက်နေ ဒေါ်ထွေးညွန့် (အလပြ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုလှမိုး-မမြင့်မြင့်မော်(စီးပွားဘဏ်၊ မော်လိုက်)၊ ကိုချစ်စိုး၊ ကိုမျိုးမြင့်ကြည်-မညိုညိုလှ (ကမ္ဘောဇအအေးဆိုင်၊ မုံရွာ)၊ ကိုအောင်ဇေယျ(Director Moon Rays Co., Ltd.)-မစိုးစိုးလှတို့၏ဖခင်၊ စိုင်းဘက်ဘက်၊ ကျားဖု၊ ကျားပေါင်၊ ချစ်စုပုံ တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆:၁၅ နာရီတွင် သုခကမ္ဘာ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၂၅/၉၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်း နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒေါ်နွယ်နီအေး
အသက်(၄၆)နှစ်

သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက် ၁၂/၁ နေ (ဦးအေး-ဒေါ်ခင်သိန်း)တို့၏သမီး၊ (ဦးတင်ဦး-ဒေါ်ချစ်ချစ်)တို့၏သမီးချွေးမ၊ ဦးသန်းထိုက်၏ဇနီး၊ ဦးသောင်းဝင်း-ဒေါ်ခင်ချိုအေး၊ ဒေါ်လီလီအေးတို့၏ညီမ၊ ဒေါ်သွင်သွင်အေး၊(ဦးမြင့်ခိုင်)ဦးအေးကျော်၊ ဒေါ်သင်းသင်းဦး၊ ဦးအောင်အောင်ဦး တို့၏အစ်မ၊ မောင်ဇာနည်ထိုက်၊ မောင်လွင်နည်ထိုက်-မဇာဇာဝင်း၊ မဝင်နည်ထိုက်၊ မအိန္ဒြနည်ထိုက်တို့၏မိခင်၊မောင်မာန်ပြည့်ထိုက်၏အဘွားသည် ၁၁-၃-၂၀၀၄ရက် နံနက် ၇:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးအောင်သန်း
(ဇော်ရေပုံးစက်ပိုင်ရှင်)
(မိတ္ထီလာ၊ ပျော်ဘွယ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး (ခ)ရပ်ကွက်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက် ၆၊ အခန်း ၁၁၁ နေ (ဦးဘထူး-ဒေါ်သက်ရင်) ဒေါ်သန်းစိန်တို့၏သား၊ (ဒေါ်မြသိန်း)ဇော် သွပ်ရေပုံး၏ခင်ပွန်း၊ ဗိုလ်ကြီးချစ်သိန်း(ငြိမ်း)-ဒေါ်သိန်းသိန်း၊ ဦးတင်စိုး-ဒေါ်ဝင်းဝင်းထွေး၊ ဦးတင်မြင့် (သစ်လုပ်ငန်း) - ဒေါ်ခင်သက်အုန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်မာထူး၊ ဦးတင်ထူး (အကောက်ခွန်)-ဒေါ်သူဇာအေး၊ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (မြစ်ကြီးနား)-ဒေါ်မြင့်မြင့်အေး၊ ဦးမောင်မောင်နိုင်-ဒေါ်ခင်သန်းထူးတို့၏အစ်ကိုကြီးသည် ၁၁-၃-၂၀၀၄ရက် ၇ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဝင်းနိုင် (ချစ်ချစ်)
လက်ထောက်ဦးစီးမှူး
တိုင်းငါးလုပ်ငန်းဦးစီးဌာန
မန္တလေးမြို့
အသက်(၄၁)နှစ်

မန္တလေးမြို့၊ ၁၉ လမ်း၊ ၈၉ လမ်းကြား၊ အကွက် ၁၂၂၊ အောင်မြေသာစံ ရပ်ကွက်နေ ဦးမျိုးနိုင် (မြန်မာ့အသံ၊ ငြိမ်း)-(ဒေါ်မြအေးကြည်)တို့၏ သား၊ ရန်ကုန်မြို့နေ ဦးလှမြင့် (ဆက်သွယ်ရေး)-ဒေါ်နုနုအေး၊ မန္တလေးမြို့နေ ဦးဇော်(တရားရုံးချုပ်ရှေ့နေ)-ဒေါ်မြင့်မြင့်အေး(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ လားရှိုး ဒီကရီကောလိပ်)၊ ဦးမြင့်သိန်း (စပယ်နာရီဆိုင်၊ ဈေးချို)-ဒေါ်ကြည်ကြည်အေးတို့၏ညီ/မောင်၊ မောင်သက်နိုင်၏အစ်ကို၊ တူ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၇-၂-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ တောင်မြင့်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

တပ်ကြပ်ထွန်းငြိမ်း
(အငြိမ်းစား)
အသက်(၆၈)နှစ်

ကြာအင်းဆိပ်ကြီးမြို့နေ (ဦးထွန်းဖဲ-ဒေါ်မတင်)တို့၏သား၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အင်းဝလမ်း၊ (၁၇)ရပ်ကွက်၊ အိမ်အမှတ် ၁၂ နေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ တာသအေးလွင်-မမြမြစန်း၊ မောင်ကျော်ဝင်းမြင့်-မကြည်ကြည်စန်း၊ မောင်ထွေးနိုင်၊ မမြင့်မြင့်ထွေး၊ တပ်ကြပ်အေးမင်း-မသန်းသန်းနုတို့၏ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၁၁-၃-၂၀၀၄ရက် ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ရွှေပေါက်ကံ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်အမာ (ရွှေဘို)
အသက်(၇၀)

ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၉၉၊ ၂၀ လမ်း၊ (၆)ရပ်ကွက်နေ (ဦးစာရင်-ဒေါ်လှရင်)တို့၏သမီး၊ ရွှေဘိုမြို့ (ဦးမင်းစီ-ဒေါ်စု)တို့၏သမီးချွေးမ၊ ဦးတင်မောင်(မန်နေဂျာ၊ ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ဦးအောင်ဆန်းဦး-ဒေါ်အေးအေးမော်၊ ဦးတင်မြင့်-ဒေါ်ခင်စန်းမြင့်၊ ဦးဇော်ဇော်မိုး-ဒေါ်မြင့်မြင့်ခိုင်၊ မခင်သူဇာတင်၊ မောင်အောင်ခိုင်ဇော်တို့၏မိခင်၊ မဇာခြည်သိမ့်၊ မခိုင်ခိုင်မွန်၊ မောင်ဟိန်းလတ်ထွန်း၊ မောင်အောင်မြင့်မြတ်၊ ဖိုးသကြန်၊ မိုးဝသန်တို့၏ ဘွားဘွားသည် ၁၁-၃-၂၀၀၄ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးသန်းညွန့် (ပြည်မြို့)
ကြီးကြပ်ရေးမှူး(ငြိမ်း)၊ဆည်မြောင်း
အသက်(၇၅)နှစ်

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ ၄/၁၃ လမ်းနေ ဒေါ်လှကြည်၏ ခင်ပွန်း၊ ဦးသန်းညွန့် ရာသက်ပန် အသင်းဝင် အမှတ်-၈၆၀သည် ၁၀-၃-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၂-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ ခေတ္တရာမြို့သစ် လင်ပန်းပင်သုသာန်တွင်သဂြိုဟ်မည်ဖြစ်ပါ၍ ဒေသခံအသင်းဝင်များ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးစိန်တင်ဦး
ဗဟိုဘဏ်(ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၇၀(ပ-ထပ်ညာ)နေ (ဦးချော-ဒေါ်ခင်ငွေး)တို့၏သား၊ ဒေါ်ခင်သိန်း(အလက-၂၊တာမွေ)၏ခင်ပွန်းသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် သဃ်ာန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၃-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ရပ်ရှင်သရုပ်ဆောင်
ဒေါ်ကြည်မြင့်(ခ)ဒေါ်နိုင်နိုင်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေကြီး(က-ဂ) ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ် ၂၈/ခ နေ (ဦးမောင်ဆိုင်-ဒေါ်ကြည်)တို့၏ သမီး၊ ဦးကျော်သိန်း၏ဇနီး၊ ဒေါ်စန်းစန်းနွဲ့ (ရုပ်ရှင်သရုပ်ဆောင်)-(ဦးမြင့်သိန်း)တို့၏ညီမ၊ ဒေါ်ငွေးငွေးလှ၊ ဒေါ်ခင်မြင့်(အထက-၃၊ သဃ်ာန်းကျွန်း) တို့၏အစ်မ၊ ဦးအောင်လွင်-ဒေါ်မြမြမိုး၊ ဦးခင်ကျော်-ဒေါ်ညိုညိုထွန်း၊ ဦးအောင်သိန်း-ဒေါ်ချစ်ချစ်စုတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၁-၃-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁:၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်သန်း
(စား/ဖျော်၊ငြိမ်း)
အသက်(၅၀)

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့၊ အမှတ် ၁၀၊ အခန်း ၂၊ ခရေမြိုင်လမ်း၊ စုပေါင်းအိမ်ရာနေ[ဗိုလ်မှူးပန်းသီး(ငြိမ်း)-ဒေါ်မြင့်မြင့်]တို့၏သား၊ (ဦးတင်အုန်း-ဒေါ်မမကြီး)တို့၏သားသမက်၊ ဒေါ်သီတာမြင့်၏ခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်ခင်ရဲမြင့်၏ညီ၊ ဦးဝင်းမြင့်၏အစ်ကို၊ မစုသဥ္စာအောင်၊ မစုသန္တာအောင်၊ မောင်ဇင်ဘိုဘိုအောင်တို့၏ဖခင်သည် ၈-၃-၂၀၀၄ရက် နံနက် ၀၀:၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မခိုင်ခိုင်လွင်(ခ)ပိစိ
မြန်မာ့လေကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)
အသက်(၂၈)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၁၁၇၉၊ ပင်လုံလမ်း၊ (၃၇)ရပ်ကွက်နေ ဦးစိုးလွင်-ဒေါ်တင်သန်း (ရွှေမျိုးစု ဆိုင်)တို့၏သမီး၊ ဦးမြင့်ဇော်လွင်-ဒေါ်မိုးမိုးလွင်တို့၏ညီမ၊ (ကိုတင်ထွန်းအောင်၊ မြန်မာ့လေကြောင်း)၏ ဇနီး၊ မောင်ဇော်ရဲလွင် (Kidcare မူကြို)၏ မိခင်သည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ည ၇:၁၅နာရီတွင် UHCဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာမာအေး
အသက်(၃၅)နှစ်

မကွေးမြို့၊ အမှတ်(၁)ရဲစခန်းနေ ဦးမြသောင်း-ဒေါ်ခင်မြတို့၏ သမီး၊ စည်ပင်လိုင်း၊ လိုင်း ၉၊ အခန်း ၂၊ အင်းစိန်ရွာမအနောက်၊ ရန်ကုန်မြို့နေ ရန်ကုန်စည်ပင်ဈေးများဌာန ဦးသန်းထွဋ် (ဒုတာဝန်ခံ)ဗိုလ်ချုပ်အောင်ဆန်းဈေး၏ဇနီး၊ တပ်ကြပ်ကြီးခင်မောင်စိုး၏ညီမ၊ ရဲအုပ်မျိုးမြင့်လွင်၊ မစမ်းစမ်းအေး-မောင်မျိုး၊ မသင်းသင်းအေး၊ မောင်မြင့်စန်းထွေး၏အစ်မ၊ မောင်ပိုင်ကိုကိုဦး၊ မောင်ဖြိုးကိုကိုဦး၊ မမိုးသဲဖွဲ့၊ မဖူးပွင့်ဖွဲ့ တို့၏မိခင်သည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ
(ပုလော၊ ကျောက္ကာ)
အသက်(၆၈)နှစ်

တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာနေ (ဦးအေးခင်-ဒေါ်စိန်နွယ်)တို့၏သား၊ ဦးစိန်ဟီ-ဒေါ်မဲ တို့၏သားသမက်၊ဒေါ်သန်းကြူ၏ခင်ပွန်း၊ ဦးလှစိုး-ဒေါ်မြင့်ဝင်း၊ (ဒေါက်တာသန်းနိုင်)၊ မအေးမီ၊ မကြင်မီ၊ ကိုစစ်ရှင်-မမီမီချို၊ မမီမီလှ၊ ကိုဝင်းအောင်-မယု တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ကျောက္ကာကျေးရွာနေအိမ်၌ ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောက္ကာကျေးရွာသုသာန်သို့ပို့ဆောင် သဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ခင်ခင်
သတ္တုတွင်းဝန်ကြီးဌာန(ငြိမ်း)
Tasaki Shin Ju Co., Ltd.
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၄)ရပ်ကွက်၊ အမှတ် ၃၂၅ နေ (စောထွန်းလင်း)-နော်မူဆိုတို့၏ သမီးကြီး၊ နော်ကြင်ကြင်-စောချစ်ဦး၊ (နော်ကပေါလေး)-ဦးမန်းကျော်၊ စောအောလမူ (ဆည်မြောင်းဝန်ကြီးဌာန)-နော်လေးဒီယာ (တွဲဖက်ပါမောက္ခ၊ တောင်ငူ)၊ (နော်ဘရီး)-ဦးမြင့်ဆွေ၊ စောအားမယ်-နော်ပိုးလိုးသာတို့၏အစ်မကြီး၊ စောစံတော၏ဇနီး၊ နော်အယ်လင်းနော-ရဲအုပ်စိုင်းကျော်ညွန့် (ဒု-မြို့နယ်မှူး၊ မြောင်းမြမြို့နယ်)၊ (ရဲတပ်ကြပ် စောဖီးလစ်)-မလှမြင့်၊ စောအောင်လင်းတို့၏မိခင်၊ စိုင်းကျော်မင်းထွန်း(ချော်တွင်းကုန်း)နှင့် မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၀၄ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင်ရေဝေးခရစ်ယာန်ဝတ်ပြုဆောင်၌ဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးနိုင်
အသက်(၄၈)နှစ်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၂၈၊ တတိယထပ်(အလယ်)နေ၊ (ဦးကျင်ပို-ဒေါ်တင်တင်)တို့၏သား၊ ဒေါ်ဝင်းဝင်း၏တူ၊ ဦးမျိုးမော်-ဒေါ်မြင့်မြင့်သန်း (မြန်မာ့သံရုံး၊ ပီကင်းမြို့)၊ ဦးမျိုးဟန် (တရားရုံးချုပ်ရှေ့နေ) - ဒေါ်မြင့်မြင့်၊ ဦးမျိုးဆွေ (မြန်မာ့လေကြောင်း)-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်မိုးမိုး(အထက-၂၊ ပုဇွန်တောင်)၊ ဒေါ်ခင်မိမိတို့၏ ညီ/မောင်၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၀-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမိန်(ခ)ဦးသောင်းဖေ (မြိတ်)
အသက်(၈၁)နှစ်

(ဦးဦးကြည်)-ဒေါ်ကျင်ပေါ၊ (ဦးအံ့ဝှာ)တို့၏ညီ၊ (ဒေါ်ငွေကြည်)၊ (ဒေါ်ခေမာရီ)၊ ဦးကျန်-(ဒေါ်မြင့်အေး)၊ ဒေါ်သာဏောဘာသီ၊ ဦးရိုန်-ဒေါ်တင်စိန်တို့၏အစ်ကို၊ (ဒေါ်လှိုင်တင်)၏ခင်ပွန်း၊ ကိုအင်ပို-မဖြူဖြူဝင်းစိုး၊ (ကိုအင်ဟို)၊ (မရှုရီ)၊ (ကိုလှိုင်ကြူ)၊ ကိုမြင့်အေး-မခင်နုဝေ၊ မမြသန်း၊ ကိုစိုးမြင့်-မတင်ယု၊ ကိုတင်ရှိန်၊ ကိုမြင့်အောင်-မစောမှီ၊ ကိုဝင်းမြင့်-မအေးသန်းတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ခရားပင်ရေတွင်းလမ်းနေ ဦးမိန်သည် ၁၀-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) တွင် ဘားဘာသုသာန်၌ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ရေတွင်း၊ရေကန်ဒါယိကာမကြီး
ဒေါ်ညွန့်မေ (မော်လမြိုင်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ (၃)ရပ်ကွက်၊ ၁၂ လုံးတန်း၊ တိုက်အမှတ် ၂၁၈/၂ နေ (ဦးချန်ထွန်း-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ ဦးကျော်ညွန့်၏ဇနီး၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးစိုးမြင့်-(ဒေါ်လှငွေ)၊ (ဦးစံဝင်း)-ဒေါ်စုစုခင်၊ ဦးစံမော်ဖြိုး-ဒေါ်မြတ်မူ၊ ဦးမင်းဆွေ-ဒေါ်လှလှဝင်းတို့၏အစ်မကြီးသည် ၁၁-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇:၅၅ နာရီတွင် S.S.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကိုးမိုင်နှင့်ရန်ကင်း နေအိမ်များမှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျင်အောင်(ခ)
ဦးကျင်းဝှက် (ဒိုက်ဦး)
အသက်(၆၇)နှစ်

ဒိုက်ဦးမြို့၊ မင်းလမ်း၊ (၁)ရပ်ကွက်နေ (ဦးရှမ်းမ-ဒေါ်ရွှေ)တို့၏ သားကြီး၊ (ဒေါ်နှင်းရီ)(အထက၊ဒိုက်ဦး)၏ခင်ပွန်း၊ သနပ်ပင်မြို့နယ်၊ မင်းရွာနေ (ဦးကျင်းမွန်း)-ဒေါ်မြ၊ အမေရိကန်နိုင်ငံ၊ အော်လန်းမြို့နေ (ဦးလွန်းမောင်-ဒေါ်ကြည်) တို့၏ညီ/မောင်၊ ဒိုက်ဦးမြို့နေ ဦးကျင်းစိန်-ဒေါ်ကြင်၊ ဦးကျင်းဝမ်-ဒေါ်တင်တင်ဝင်းတို့၏အစ်ကို၊ တောင်ငူမြို့နေ ဦးသက်ဦး-ဒေါ်သီတာ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဗိုလ်ကြီးအောင်မိုး(ငြိမ်း၊ သန်မြန်သူမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ရုံးချုပ်)-ဒေါ်လင်းလင်းရှိန်၊ မိုးညှင်းမြို့နေ ဦးဝင်းဗိုလ်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် မြောက်ဥက္ကလာပဆေးရုံကြီး၌ ၁၀-၃-၂၀၀၄ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဆွေ
(ဒု/လက်ထောက်အကောက်ခွန်မှူး)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ အမှတ် ၈၁၊ ဘယသုဒ္ဓိလမ်း၊ (ပ)ထပ်ခြေရင်းနေ ဦးဘစိန်-(ဒေါ်အုံးမြ)တို့၏သား၊ (ဦးစံညွန့်-ဒေါ်ကြည်)တို့၏သားသမက်၊ မခင်စန်း၏ ခင်ပွန်း၊ မောင်ထွန်းအောင်ကျော်၊ မောင်နိုင်ထွန်းတို့၏ဖခင်သည် ၁၀-၃-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

ဒိုက်ဦးမြို့နယ်အသင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
မယ်တော်ကြီး
ဒေါ်သိန်းတင်
အသက်(၁၀၀)

ဒိုက်ဦးမြို့နေ(ဦးတင်)၏ဇနီး၊ (ဦးဘစိန်)-ဒေါ်ညို၊ ဦးမြဟန်-ဒေါ်ခင်မေ၊ ဦးကလေးကျင်-ဒေါ်ခင်သန်း၊ ဦးသန်းမြင့်-ဒေါ်တင်လှ၊ ဦးထွန်းဝေ-ဒေါ်ခင်လှ၊ ဦးတင်ထွန်းအောင်(ဥက္ကဋ္ဌ၊ ဒိုက်ဦးအသင်း၊ ၁၉၇၂)တို့၏မိခင် ကန်တော့ခံ ဒေါ်သိန်းတင်သည် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက်တွင် ဒိုက်ဦး ဒါးပိန်စုသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးအုန်းတင် (မတ္တရာမြို့)
အစောင့်(ငြိမ်း)၊ဆည်မြောင်း
အသက်(၇၉)နှစ်

မတ္တရာမြို့နယ်၊ ကျောက်တံတားရွာနေ ဦးအုန်းတင် ရာသက်ပန်အသင်းဝင်အမှတ်-၁၀၄၈သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၀၄ရက်တွင် သဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ ဒေသခံအသင်းဝင်များ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးအောင်ရွှေ
အသင်းဝင်အမှတ်(၁၀၄၂)
အသက်(၆၈)နှစ်

ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာနေ ဒေါ်သန်းကြူ၏ခင်ပွန်း ဦးအောင်ရွှေသည် ၁၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကျောက္ကာကျေးရွာ နေအိမ်မှ ကျောက္ကာကျေးရွာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်းဒါယိကာမကြီး
ဒေါ်တင်ယု
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း(အောက်)၊ အမှတ် ၁၇ နေ(ဦးဘွန်ထောင်-ဒေါ်ကျင်အေး)တို့၏သမီး၊ ဦးကြည်၏ဇနီး၊ ဦးလှဖေ-ဒေါ်ကျင်သန်းတို့၏အစ်မ၊ ကိုခင်မောင်လှ-မငွေးငွေးမြိုင်၊ ကိုသန်းငွေး၊ ကိုဇော်လင်း၊ ကိုသန်းထွေး၊ကိုဝင်းထွေး (Global Net)-မနီနီဦးတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၀-၃-၂၀၀၄ရက် ညတွင် ဗဟိုရိစည် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)
ကျန်ရစ်သူမိသားစု။

(ယာယီတပ်ခွဲမှူး၊ဗိုလ်မှူး)
ဗိုလ်ကြီးခင်မောင်ထွန်း
တော(၂၁)
အသက်(၃၂)နှစ်

ပဲခူးမြို့၊ အမှတ် ၁၁၊ သကြားစက်နေ ဦးထွန်းချို (ဌာနမှူး၊ ထွေ/စီ)၊ ဒေါ်ခင်လှ တို့၏သားကြီး၊ ရန်ကုန်မြို့၊ တိုက် ၁၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဦးအုန်းဖေ (ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်လှရီ (ကုန်သွယ်ရေး၊ ငြိမ်း) တို့၏သားသမက်၊ ဒေါ်ခင်သီတာစန်း (အလပြ၊ အထက၊လောပိတ၊လှိုင်ကော်မြို့နယ်)၏ခင်ပွန်း၊ မသက်ယမင်း (ပထမတန်း၊ အမက-၁၂၊ တာမွေ)၏ ဖခင်သည် ၆-၃-၂၀၀၄ရက် (စနေနေ့) တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု အထူးဆောင်းပါးကဏ္ဍများရည်ညွှန်းချက်

တပ်မတော်သည် ပြည်သူတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ကြီးပမ်းမှု တိုက်ပွဲများကို ဆင်နွှဲဖြတ်သန်းခြင်းဖြင့် ခိုင်မာကျစ်လျစ်သည့် တိုင်းရင်းသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ မြန်မာ့တပ်မတော်အဖြစ် အမျိုးသားရေး အင်အားစုကြီး ဖြစ်လာခဲ့သည်မှာ သမိုင်းကသက်သေပြုခဲ့ပြီးဖြစ်သည်။

ကေတုနီလာ၏ (၅၉)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး **"ပြည်သူ့အတွက် မြန်မာ့တပ်မတော်"**ကို စာမျက်နှာ ၈၊ ၉၊ တိုင်းရင်းသား ပြည်သူများအကျိုး သယ်ပိုးထမ်းဆောင်နေသော ပြည်သူ့တပ်မတော် ဓာတ်ပုံမှတ်တမ်းကို စာမျက်နှာ(၇)နှင့် သီဟအောင်၏**"ပြည်သူ့အတွက်တပ်မတော်"**နှင့်လှထွဋ်ဦး၏ကာတွန်းကို ကျောဖုံးတွင်ဝေဝေဆာဆာဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မောရစ်ရှ သမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၁၂

၂၀၀၄ခုနှစ် မတ် ၁၂ ရက်တွင် ကျရောက်သော မောရစ်ရှသမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မောရစ်ရှသမ္မတနိုင်ငံ သမ္မတ ဆာ၊အနိရု(ဒ်)၊ ဂျ(ဂ်)နို(သ်)ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❐

ခေတ်အဆက်ဆက်ပြည်သူ့ အတွက်တပ်မတော်

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြု

ပြည်သူ့အတွက်တပ်မတော်

◆ ခေတ်တိုင်း ခေတ်တိုင်း
တို့သမိုင်း၌
စံနှိုင်းထင်ပေါ် နိုင်ငံတော်ကို
ရဲဘော်ရဲမက် သွေးအသက်ဖြင့်
လက်ရုံးဆန့်တန်း လက်ဆင့်ကမ်း၍
ကြိုးပမ်းတည်ထောင် အောင်ခဲ့သည်။

◆ စာမျက်နာတိုင်း
တို့သမိုင်း၌
တို့တိုင်းဌာနီ မြန်ရွှေပြည်ကို
ညီညွတ်ခြင်းအား စွမ်းပကားဖြင့်
ခွန်အားပေါင်းစု မလျှိုင်ပြု၍
ပြုစုပျိုးထောင် အောင်ခဲ့သည်။

◆ ထိုအောင်မြင်မှု မျက်မှောက်ပြုလျက်
ရာစုတစ်ခေတ် နိုင်ငံသစ်ကို
စစ်အမှုထမ်း သူကြိုးပမ်း၍
ငြိမ်းချမ်းရေးရ ပြည်လုံးလှခဲ့
ပြည့်ဝချမ်းသာ စခန်းသာသို့
ထမ်းကာတစ်လီ ရွက်ချီတစ်မျိုး
သယ်ပိုးတစ်နည်း
လက်တွဲပြီးခေါ် တို့အဖော်
ပြည်သူ့အတွက် တပ်မတော်။
လေးစားပါတယ် ချစ်ရဲဘော်။ ။

သီဟအောင်

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ခရမ်းစိုးမြင့်၏ ကူးလူးယှက်နွယ်ချစ်ကြိုးသွယ်မည့် ရထားလမ်းများဆောင်းပါးမကြာမီဖော်ပြပါမည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဒေသခံ တိုင်းရင်းသား ပြည်သူတို့အတွက်ရထားလမ်း ဖောက်လုပ်ပေးလျက်ရှိရာ ဆိုက်ခေါင်-နမ့်စန်လမ်းပိုင်းတွင် တပ်မတော်သားများ ဤသို့ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံ-မိုးမြင့်လှိုင်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သင့်ကြောင့် ဆေး မလောင်ပါစေနှင့်

ကေအင်န်ပီပီသောင်းကျန်းသူများဖုံးပစ်လောင်ချာနှင့်ပစ်ခတ် အပြစ်မဲ့ပြည်သူတစ်ဦးသေ၊ လေးဦးဒဏ်ရာရရှိ

ရန်ကုန် မတ် ၁၁

ကယားပြည်နယ် လွိုင်ကော်မြို့မှဘောလခဲဈေးနေ့သို့သွားသည့် ကိုမောင်ဦး မောင်းနှင်သော ဈေးပတ်ကား ခ/၆၅၉၇ ဂျီအမ်စီယာဉ်ကို မတ် ၈ ရက် ည ၈ နာရီတွင် ဘောလခဲမြို့သို့ရောက်ရန် လေးမိုင်ခန့်အလိုနေရာ၌ ကေအင်န်ပီပီ သောင်းကျန်းသူငါးဦးခန့်က (၄၀)မမ ဖုံးပစ်လောင်ချာနှင့် လက်နက်ငယ်တို့ဖြင့် ပစ်ခတ်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ❍